## သဲအင်း ဂူတောင်း အပြဲလင်း

### သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်

တရားအလုပ်ဖြင့် ရှုမှတ်ပွားများ
အားထုတ်မှု ကင်းကွာလျက်
တရားရှာဖွေ နေကြပါမူ
ချောင်းကိုပစ်၍ မြစ်ကိုရှာလည်း
ရေသာများ၍ ငါးမတွေ့ကြသော
ဝမ်းဘဲ, ဟင်္သာတို့ကဲ့သို့
အလုပ်ကိုပစ်၍ တရားရှာလည်း
ဒေသနာများ၍ တရားမတွေ့...။

ခန္ဓာကိုယ်တွေ့၊ တရားမွေ့၊ ချမ်းမြေ့ကြပါစေ။
တရားအမှန်၊ အမြင်သန်၊ နိဗ္ဗာန်ရပါစေ။

ကျောက်ပန်းတောင်းမြို့၊ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာများ၏အဓိပတိ
ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ
ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ

အဓိဋ္ဌာန်တရားစခန်းပွဲများ၌ ဟောကြားတော်မူအပ်သော

# သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်

အလုပ်ပေးတရားတော်

aus muy f e, f awmifrdu  J i f, *D yó em urÓ® e f, &y oH mrs m; \ t"y wd

jynf wGi f, ynf omoemjy K r [m urÓ® e mp&d

ဆရာတော် ဘဒ္ဒန္တမေဓာသာမိ

t"dy wd f  v&m; pcef, yG i f, ü  a [m u m; t yf om

# သုံးပါးလေကျွတ်ကာယဟာဉ် နိဗ္ဗာန်ဝင်

t vk f y; w&m; awmf

ကောဇာသက္ကရာဇ် ၁၃၅၂-ခု၊ ခရစ်နှစ် ၁၉၉၁-ခု၊

## ပုံနှိပ်မှတ်တမ်း

၂၀၁၇-ခုနှစ် ၊ မတ်လ ၊ စတုတ္ထအကြိမ်
**(ဓမ္မဒါန)**

**အတွင်းစာသားကြီးကြပ်** ♦ မဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဓမ္မသာမိ

**ကွန်ပျူတာစာစီနှင့်ဒီဇိုင်း** ♦ ဓမ္မဗျူဟာ-ဒေါ်ငွေငွေအောင်
ဓမ္မဗျူဟာ-ဒေါ်ဇင်ဝါမြင့်

**ပုံနှိပ်သူနှင့်စာအုပ်ချုပ်** ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ်-၅၄၄၊ အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊
ရန်ကုန်မြို့။

**ထုတ်ဝေသူ** ♦ ဦးကျော်ကျော်ဝေ (၀၀၀၄၇)
ရွှက်စိမ်းစာပေ၊ အမှတ်-၄၃/A ၊
၄-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

**ဖြန့်ချိရာဌာန** ♦ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ
ကျောက်ပန်းတောင်းမြို့။
(ဖုန်း- ၀၉-၄၀၂၅၁၉၆၇၈၊
၀၉-၂၀၆၃၉၁၁)


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | **နိဒါန်း** | က |
| * | **ကန်တော့ပန်လွှာ** | င |
| * | **ဘုရားရှိခိုး** | ၁ |
| | **]o;y|;vuPm,m0 eAme0iw&m;awm}** | |
| ၁။ | ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်သို့ | ၅ |
| ၂။ | အာနာပါနသတိနှင့် ဝိပဿနာရှုကွက် | ၆ |
| ၃။ | သတိကောင်းတော့ ပေါ်တာထင်ရှား | ၉ |
| ၄။ | ရှိတာမြင်တော့ မရှိတာစင် | ၁၁ |
| ၅။ | ထင်ရှားလာသော သင်္ခတတရား ၃-ပါး | ၁၂ |
| ၆။ | မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား | ၁၄ |
| ၇။ | ငါက ခံစားတာလား၊ ဝေဒနာက ခံစားတာလား | ၁၇ |
| ၈။ | ဓမ္မတာဝေဒနာကို ရှုရမှာလား၊ သဘာဝဝေဒနာကို ရှုရမှာလား | ၁၉ |
| ၉။ | ဝေဒနာပေါ်ဉာဏ်ဝင် ဒိဋ္ဌိစင် | ၂၀ |
| ၁၀။ | အာရုံရဲ့အရသာ ခံစားတာ ဘာလဲ | ၂၂ |
| ၁၁။ | ဉာဏ်မြင်ခန္ဓာကို ဝိပဿနာရှုရမှာ | ၂၄ |
| ၁၂။ | ခန္ဓာငါးပါးတို့ရဲ့ သဘာဝလက္ခဏာတွေ တူကြရဲ့လား | ၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ရုပ်တရားတွေ ဖောက်ပြန်ပျက် | ၂၉ |
| ၁၄။ | သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ မကွဲသမျှ မဂ်ဇောမကျ | ၃၂ |
| ၁၅။ | ဝေဒနာကလည်း ခံစားပျက် | ၃၄ |
| ၁၆။ | ခန္ဓာငါးပါးတို့ရဲ့ သာမညလက္ခဏာတွေ တူကြတယ် | ၃၅ |
| ၁၇။ | ခန္ဓာရှုလျှင် လက္ခဏာမြင် | ၃၇ |
| ၁၈။ | သင်သိလက္ခဏာ ၊ ဉာဏ်သိလက္ခဏာ | ၄၂ |
| ၁၉။ | ပရိယတ်နှင့်ကင်း၍ ပဋိပတ် မဖြစ်နိုင် | ၄၆ |
| ၂၀။ | ရှုကွက်မှားလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်မမြင် | ၄၉ |
| ၂၁။ | အရှုခံ-ရုပ်နာမ်၊ ရှုတာက-ဉာဏ်၊ ပေါ်တာ-ဖြစ်ပျက် | ၅၂ |
| ၂၂။ | ရုပ်နာမ်မမြင်ခဲ့လို့ သံသရာလည်ခဲ့ပြီ | ၅၆ |
| ၂၃။ | မရှိတာကို အရှိထင်ပြီး လောကကြီး ပျော်နေတာ | ၆၂ |
| ၂၄။ | ရုပ်နာမ်ပေါ်ဉာဏ်ဝင် ဒိဋ္ဌိစင် | ၆၉ |
| ၂၅။ | ပရမတ်အာရုံပြုရင် ကိလေသာတွေငြိမ်း | ၇၃ |
| ၂၆။ | အစဉ်ထာဝရငြိမ်းတာက အရိယာမဂ်ဉာဏ် တဒင်္ဂငြိမ်းတာက ဝိပဿနာဉာဏ် | ၇၇ |
| ၂၇။ | လက္ခဏာမြင် နိဗ္ဗာန်ဝင် | ၈၂ |

## edlef

ဤ 'သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်' ကိုယ်တွေ့ဉာဏ်မြင် အားထုတ်စဉ် ဝိပဿနာအလုပ်ပေးတရား ဒေသနာတော်မြတ်သည် သဒ္ဓါ၊ ဝီရိယ၊ စေတနာ၊ မေတ္တာကြောင့် သီးပွင့်လာသော ရတနာတစ်ပါး ဖြစ်ပါသည်။

၎င်းတရားတော်ကို ကျောက်ပန်းတောင်းမြို့နယ်၊ ပွေးကျစ်မင်းကုန်းကျောင်း- သကြိန်တွင်း ဒုလ္လဘရဟန်းခံ တရားအခြေခံ စခန်းပွဲ၌လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ ဆိတ်ဖြူမြို့၊ စေတုတ္တရာမြို့၊ မန္တလေးမြို့၊ မြစ်သားမြို့၊ ထားဝယ်မြို့၊ ရန်ကုန်မြို့များတွင် တရားအခြေခံ စခန်းပွဲတို့၌လည်းကောင်း ဟောကြားခဲ့ပါသည်။

၎င်းအခြေခံစခန်းပွဲများ၌ ကိုယ်တိုင်ကိုယ်ကျ ရှုမှတ် ပွားများနာယူ မှတ်သားကြရသော ဓမ္မယောဂီ သူတော်စင်အပေါင်းတို့က (၁) ထပ်တလဲလဲ ဖတ်ရှု လေ့လာ ပွားများ အားထုတ်နိုင်ရန်၊ (၂) တရားအားထုတ်ရန် သဒ္ဓါထက်သန်သော ဓမ္မမိတ်ဆွေများအား ဓမ္မဒါနပြုလုပ်ရန် စာအုပ်အဖြစ် ထုတ်ဝေ ပေးစေလိုပါကြောင်း တောင်းပန် လျှောက်ထားချက်အရ အသံသွင်းတိတ်ခွေမှ စာမူ

အဖြစ် ကူးယူပြီး ပြင်ဆင် ဖြည့်စွက်၍ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်တွင် တရားဟောကွက် ပြောကွက်များ စကားလုံး အထားအသို တရားအစီအစဉ်များ တစ်နေရာတွင် ပါရှိပြီး ဖြစ်သော်လည်း အခြားတစ်နေရာ၌ ထပ်မံ ဖတ်ရှုရပါက တရားနာယူမှတ်သားပွားများကြတဲ့ ယောဂီသူတော်စင်များ ပိုမို နားလည် ရှင်းလင်းသဘောပေါက် အကျိုးများစေရန် အလို့ငှာ အမေးအဖြေနှင့် ထပ်ပြန်တလဲလဲ ဟောထားခြင်းဖြစ်ကြောင်းကို စာရှုသူ ဓမ္မမိတ်ဆွေ ယောဂီ သူတော်စင်အပေါင်းတို့ ကြိုတင် သိထားကြစေလိုပါသည်။

ဝိပဿနာတရား အားထုတ်ဖူးသည့် ယောဂီများသည် ဤစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် ရှင်းလင်းစွာ သဘောပေါက် သိရှိနားလည်လိမ့်မည်ဟု ယုံကြည်ပါသည်။ တရား အားမထုတ်ဖူးသေးသူများလည်း ဤစာအုပ်ကို ဖတ်ရှုက လူပြိန်းများပင် နားလည်ပြီး သဘောပေါက်ကာ ဝိပဿနာဓာတ်ခံကို ရ၍ တစ်ဆင့်တက်ခါ အားထုတ်ပါက ဝိပဿနာဉာဏ်ရင့်သန် တိုးတက်ပြီးလျှင် ခန္ဓာငါးပါး ရုပ်နာမ် ဖြစ်ပျက်သဘာဝ မြတ်ဓမ္မကို မြင်အောင် ကြည့်နိုင်ကြပေလိမ့်မည်။ တွေ့အောင် ရှာနိုင်ကြပေလိမ့်မည်။ သိအောင် လုပ်နိုင်ကြပေလိမ့်မည်။

ခန္ဓာငါးပါး ရုပ်နာမ် ဖြစ်ပျက်သဘာဝ မြတ်ဓမ္မတို့ကို ဝိပဿနာဉာဏ်မျက်စိဖြင့် အမှန်အတိုင်း မြင်အောင် ကြည့်ရှုနိုင်ကြပါလျှင်၊ တွေ့အောင် ရှာနိုင်ပါလျှင်၊ သိအောင် လုပ်နိုင်ပါလျှင်၊ **အနိစ္စ**- မမြဲခြင်းသဘော၊ **ဒုက္ခ**- ဆင်းရဲခြင်းသဘော၊ **အနတ္တ**-



ငါမဟုတ်, ကိုယ်မဟုတ်သော သဘောတို့ကို အမှန်အတိုင်း ထင်ရှားစွာ သိမြင်လာပေမည်။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို ဝိပဿနာဉာဏ်နဲ့ အမှန်သိမြင် ပြည့်စုံလာပါလျှင် ပရမတ်ရုပ်နာမ် ဖြစ်ပျက်သဘာဝ တရားတို့၏ ချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ကြပေမည်။

အိုနာသေရေး ဒုက္ခဘေးတို့ ရှုပ်ထွေးပွေရာ သံသရာမှ လွတ်ရန်သမှု အာရုံပြု၍ ဝိပဿနာ ပွားများ အားထုတ်ကြကုန်သော မြတ်ယောဂီသူတော်စင်အပေါင်းတို့... ကံအလုပ်၊ ဈာန်အလုပ်တွေနဲ့ အချိန်ဖြုန်း၊ အချိန်ကုန် မနေကြဘဲ ရုပ်နာမ်ဖြစ်ပျက် သဘာဝမြတ်ဓမ္မကို ဒိဋ္ဌမြင်သိ ဉာဏ်ဖြင့်ရှုကြည့်သော ဝိပဿနာ အလုပ်သည်ကား သံသရာထွက်ကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွင် '**မဂ်တံခါး အဖွင့်၊ အကျင့်တွင် အချုပ်၊ အလုပ်တွင် အသာ၊ ပါရမီတွင် အမြတ်ဆုံး**'ဟု နှလုံးသွင်းကာ ယုံမှားခြင်း ကင်းရှင်းစွာဖြင့် စိတ်ရောကိုယ်ပါ ရွှင်လန်း ဝမ်းမြောက်စွာဖြင့် ရှုမှတ် ပွားများ အားထုတ်နိုင်ကြပါစေ။

ပရမတ်ရုပ်နာမ်ဖြစ်ပျက် သဘာဝမြတ်ဓမ္မတို့ကို အဟုတ်အမှန် ရှုမှတ်ပွားများ အားထုတ်၍ ဘာဝနာမယဉာဏ်နှင့် ပြည့်စုံပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ဤနှစ်တန်ဖြင့် ဖြစ်ပျက်တို့ဆုံးရာ၊ အိုနာသေရေး ဒုက္ခဘေးတို့ ချုပ်ငြိမ်းရာ၊ ဆင်းရဲခပ်သိမ်း ပပျောက်ငြိမ်း၍ အေးငြိမ်းရာအမှန် ဖြစ်တော်မူသော မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေသောဟု ဆုပတ္ထနာ အာသီသပြုလျက် 'သုံးပါး လက္ခဏာယာဉ် နိဗ္ဗာန်ဝင်' ကိုယ်တွေ့ဉာဏ်မြင် အားထုတ်စဉ်

ဝိပဿနာ အလုပ်ပေး တရားဒေသနာတော်မြတ်ကို အသံသွင်း တိတ်ကြိုးခွေမှ စာမူအဖြစ် ကူးယူပြီး စာအုပ်အဖြစ် စက်တင်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အသံသွင်းတရားခွေမှ စာမူအဖြစ် ကူးယူ၍ စာအုပ်ဖြစ်သည်အထိ အစစ အရာရာ ကူညီ ဆောင်ရွက် ကြိုးပမ်း ကုသိုလ်ယူခဲ့သော ''ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင်၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း)''အားလည်းကောင်း၊

လက်ရေးမူမှ ကွန်ပျူတာစာမူ၊ ပုံနှိပ်ထုတ်ဝေ ရိုက်နှိပ်နိုင် သည်အထိ အဆင့်ဆင့် ကူညီ ဆောင်ရွက်ပေးခဲ့သော ဓမ္မဗျူဟာ- ဒေါ်ငွေငွေအောင် (ဓမ္မဗျူဟာစာစောင်-တွဲဖက်အုပ်ချုပ်ရေးမှူး)နှင့် သမီး ဒေါ်ဇင်ဝါမြင့်တို့အားလည်းကောင်း ကျေးဇူးဥပကာရ အထူး တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ခန္ဓာကိုယ်တွေ့၊ တရားမွေ့၊ ချမ်းမြေ့ကြပါစေ။**
**တရားအမှန်၊ အမြင်သန်၊ နိဗ္ဗာန်ရပါစေ။**

t&Sf'r®mrd

မဟာကမ္မဋ္ဌာနာစရိယ
သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ
**ကျောက်ပန်းတောင်းမြို့။**

**၁၃၅၂-ခု၊ တန်ဆောင်မုန်းလပြည့်**



## ကန်တော့ပန်လွှာ

### ''အာစရိယဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ''

လောကုတ္တရာ အမွေထူး၊ အမွေမြတ် ပေးအပ်သနားခဲ့သော ဆရာမြတ်သခင် ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီး ၏ ကျေးဇူးတော်၊ ဂုဏ်တော်အထူးကို 'ဓမ္မသာမိ'ဟု နာမမည်ခေါ် ဘုရားတပည့်တော်သည် ဤ'**သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်**' ကိုယ်တွေ့ဉာဏ်မြင် အားထုတ်စဉ် ဝိပဿနာ အလုပ်ပေး တရား ဒေသနာမြတ် ရေးသားပါရ 'ဓမ္မပူဇာ' တရားဖြင့်သာ အမြတ်ဆုံး ပူဇော်ကန်တော့လိုက်ပါ၏ ဆရာတော် အရှင်သူမြတ်ကြီးဘုရား...

ခန္ဓာဝန်ဇာတ်သိမ်း၍
အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့
စံဝင်တော်မူသော
ဆရာတော်ဘုရားအား...

ဘုရားတပည့်တော် လွန်စွာရိုကျိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့ ပန်ဆင်လျက် လျှောက်ထားပန်ကြားပါသည် ကျေးဇူးတော်ရှင် ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား...

* ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီးဘုရား…
ဆင်းရဲခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့
စံမြန်းနေတော်မူသော်လည်း တပည့်အပေါင်းတို့က
ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိနေသေးသည့်နှယ်၊
* ကျေးဇူးတော်ရှင် ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီးဘုရား… အရှင်ဘုရား ဟောကြားတော်မူခဲ့သော ကိုယ်တွေ့ ဉာဏ်မြင် အားထုတ်စဉ် အကျင့်မြတ် ပဋိပတ်တရားတော်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်
ထွန်းလင်းတောက်ပစွာ ကွန့်မြူးလျက်၊
* ကျေးဇူးတော်ရှင် ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီးဘုရား… တပည့်အပေါင်းတို့အား အမြဲသဖြင့် ဆိုဆုံးမလေ့ရှိသော **'သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်'** ဆိုတဲ့ တရားဆောင်ပုဒ်နှင့် လျော်ညီစွာ ဘုရားတပည့်တော်၏ စိတ်ထဲနှလုံးသည်းပွတ်ထဲ၌ အမြဲ ကိန်းဝပ်တည်နေအောင်…
* ရရှိပြီးသော တရားဓာတ်တို့ကိုလည်း ထပ်ဆင့်တိုးပွား
အကျိုးများ ပြန့်ပွားထွန်းကားလာအောင်…
**သဲအင်း၊ ဖွဲ့တင်း၊ အမြဲလင်းအောင်**…
ကြိုးစားပါမည်ဘုရား။
ပွားများပါမည်ဘုရား။
အားထုတ်ပါမည်ဘုရား။

RQ

A

## ဘုရားရှိခိုး

**အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ။**
**အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။**

**အနန္တံ**– မဟာဗြဟ္မာ လျှာကုဋေဖြင့် ဆန်းနေဂိုဏ်းညီ ဂါထာသီလျက် ကျူးချီးစွမ်းကုန် ဆိုပါတုံလည်း မကုန်ရာချေ အပ္ပမေအနန္တ ဆုံးစမထင် ဂုဏ်အင်အထူး မြင့်ခေါင်ကျူးသည့် ကျေးဇူးတော်အဖုံဖုံနှင့် ပြည့်စုံတော်မူပေထသော။

**အနန္တံ**– ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေထသော။

**ဗလဝံ**– မိုးကြိုးစက်ပေါင်း သိန်းသောင်းကုဋေ တိုက်ဖျက်ချေလည်း နှင်းရေတစ်ပေါက် မရောက်မထိ မကပ်ငြိဘဲ ကြီးဘိတေဇော် တန်ခိုးတော် အစွမ်းအားဖြင့် မြင့်ကြွားထက်သန် ပြည့်လျှံတော်မူပေထသော။

**ဗုဒ္ဓံ**– ရုပ်ဘုရား နာမ်ဘုရား၊ ရုပ်နာမ်ဘုရားကိုလည်း ကောင်း။

**အနန္တံ**– သင်္ချာတွက်ကျူး ဂဏန်းချူး၍ အဆုံးမရှိ များဘိဥသုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူပေထသော။

**ဂေါစရံ**- သဗ္ဗညုထီး ဉာဏ်တော်ကြီးဖြင့် သီးသီးစေ့ငု အာရုံပြု၍ တစ်စုမကျန် ဝေဖန်ပိုင်းခြား ကျက်စားရာ ဖြစ်ပေထသော။

**ဓမ္မဉ္စ**- ရုပ်တရား နာမ်တရား ရုပ်နာမ်တရားကိုလည်း ကောင်း။

*(ထည့်) **အနန္တံ**- သော။

**အရိယံ**- အဝိဇ္ဇာနှင့် တဏှာထူထောင် အမိုက်မှောင် ကင်းပြတ်၍ အလင်းဓာတ်ထောင်ရောင်ခြည် မှောင်မသီ မြိုက်ရေသုံးသဖြင့် အမြတ်ဆုံးဖြစ်ပေထသော။

**သံဃဉ္စ**- ရုပ်သံဃာ နာမ်သံဃာ ရုပ်နာမ်သံဃာတော်များ ကိုလည်းကောင်း။

*(ထည့်) **အနန္တံ**- သော။

**ဥတ္တမံ**- ဒု၊ သ၊ နိ၊ မဂ် လေးချက်သစ္စာ မမြင်သာအောင် ကွယ်ကာပိတ်ဆီး အဝိဇ္ဇာမှောင်ထုကြီးကို အပြီးသုတ်သင် နုတ်ထွင်တော်မူပေထသော။

**ဗောဓိစ**- အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတရွှေဉာဏ်တော် မြတ်ကြီးကိုလည်းကောင်း။

*(ထည့်) **အနန္တံ**- သော။

**အာစရိယဿ မဟာထေရဿ**- သစ္စာလေးတန် တရား



မှန်ကို ပိုင်းခြားဝေဖန် ဟောကြားတော်မူသော ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီးကို-

**အဟံ**- ရုပ်အစု နာမ်အစု ဖြစ်မှုပျက်မှု ထိုနှစ်ခုကို ပေါင်းစု မှည့်ခေါ် ဘုရားတပည့်တော် ဓမ္မသာမိသည်၊

**ဝန္ဒေ,ဝန္ဒာမိ**- ဗုဒ္ဓ, ဗုဒ္ဓဂုဏ်ထူး၊ ဓမ္မ, ဓမ္မဂုဏ်ထူး၊ သံဃ, သံဃဂုဏ်ထူး၊ ဆရာ, ဆရာ့ဂုဏ်ထူး စိတ်ရည်စူး၍ ကြည်နူးလှစွာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

**ဝန္ဒိတွာန**- ရတနာသုံးပါး ဆရာသမားတို့အား မာန်ဟုန် နှိမ်ချိုး ဦးချိုကျိုးသို့ ရှိခိုးကန်တော့ပြီး၍၊

**ယထာဗလံ**- စွမ်းအားရှိသလောက် အသိထူးပေါက် ဉာဏ်ထူးရောက်အောင်၊

**ဓမ္မဒေသနံ**- အထက်တန်းကျကျ မျက်နှာပန်းလှတဲ့ မဂ်လမ်းပြ တရားဒေသနာတော်မြတ်ကြီးကို (ဝါ) သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်တရားတော်မြတ်ကို၊

**ဒေသေဿမိ**- တရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့အား ဟောကြားလိုက်ပါအံ့သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

RQ

# သဲအင်း ဗွဲတင်း အမြဲလင်း

## သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်

w&m; t vkjzifh ½IrSwfykG;rsm;
tm; xkwfrl uifunGvsuf
w&m;&mSazGae\ uyÜrl
acsmifuykdpfí jrpfuk&mSv nf
a&omrsm;í iÜ;rawGuaom
0rfbJç[ omFwkdUbkdY
t vkyfukdpfí w&m;&mSv nf
a'oemrsm;í w&m;rawG./



## သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်တရားတော်

**ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်သို့**

**သံသာရစာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။**
**နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။**

(ဇယမင်္ဂလာပါဠိ)

**သောဇိနော**– ငါးမာန်အောင်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **သံသာရစာရကံ**– အစမထင် အဆုံးလည်း မမြင်တဲ့ သံသရာခရီး ကန္တာရကြီး၌၊ **ဒုက္ခေန**– များလှသောင်းသောင်း ဘေးဒုက္ခအပေါင်းသည်၊ **ပီဠိတံ**– အမြဲ မပြတ် နှိပ်စက်ခြင်းကို ခံနေရသော၊ **လောကံ**– လူနတ်များစွာ သတ္တဝါအပေါင်းကို၊ **ယာနတ္တယေန**– အနိစ္စလက္ခဏာယာဉ် ဒုက္ခလက္ခဏာယာဉ် အနတ္တလက္ခဏာယာဉ် သုံးပါးအပေါင်းဖြင့်၊ **နိဗ္ဗာနပုရံ**– ရုပ်နာမ်တွေ ဇာတ်သိမ်းပြီး အေးငြိမ်း တဲ့ နိဗ္ဗာန်သို့၊ **နိဗ္ဗာနပုရံ**– ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်သို့၊ **ပါပေသိ**– ရောက်စေ ရစေတော်မူခဲ့လေပြီတကား။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

“ဒီကနေ့ ဘုန်းကြီးတို့ ဝိပဿနာ တရားအဓိဋ္ဌာန်စခန်းပွဲသို့ လာရောက်ပြီး ဝိပဿနာရှုနေ မှတ်နေ ပွားများအားထုတ်နေကြတဲ့ ယောဂီအပေါင်း သင်သူတော်ကောင်းတို့ ဂင်္ဂါဝါဠု သဲစုမက ပွင့်ပြီးတော်မူကုန်သော ဘုရားအဆူဆူအပေါင်းတို့နှင့် ပစ္စေကဗုဒ္ဓါ ရဟန္တာအစရှိကုန်သော အရိယာသူတော်ကောင်းတို့သည် အနိစ္စလက္ခဏာယာဉ် ဒုက္ခလက္ခဏာယာဉ် အနတ္တလက္ခဏာယာဉ် သုံးပါးအပေါင်းဖြင့် ဖြစ်ပျက်တွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်သို့ စံဝင်တော်မူကြလေပြီ။

ဒီကနေ့ ဝိပဿနာတရား ရှုနေ မှတ်နေ ပွားများအားထုတ်နေကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့သည်လည်း အိုနာသေ ဇာတ်သိမ်းတဲ့ နိဗ္ဗာန်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်ပျက် ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်သို့ ရောက်ချင် ရချင်လို့ ဒီကနေ့ ဝိပဿနာတရားတွေ ရှုနေကြ၊ မှတ်နေကြ၊ ပွားများ အားထုတ်နေကြတယ်။

## အာနာပါနဿတိနှင့် ဝိပဿနာရှုကွက်

ဒီကနေ့ ဘုန်းကြီးတို့ ဝိပဿနာ ရှုနေမှတ်နေတဲ့အခါမှာ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပြပြီးတော့ ဘုန်းကြီးတို့ အာနာပါနဿတိကမ္မဋ္ဌာန်းပေါ်ကနေပြီး ဝိပဿနာ ရှုကွက်ကို ဖော်ပြီး ဒီကနေ့ အလုပ်ပေး စခန်းအတွင်းမှာ ရှုနေတာ၊ မှတ်နေတာ။



အာနာပါနဿတိကမ္မဋ္ဌာန်းကို နှလုံးသွင်း ရှုမှတ် ပွားများ အားထုတ်နေတဲ့အချိန်မှာ အပြင်ကို လေထုတ်တဲ့သဘော၊ အတွင်းကို လေသွင်းတဲ့သဘော၊ အပြင်ကို လေထုတ်တာကို ‘ရှူတယ်’ လို့ ခေါ်တယ်။ အတွင်းကို လေသွင်းတာကို ‘ရှိုက်တယ်’ လို့ ခေါ်တယ်၊ ရှူသဘော၊ ရှိုက်သဘော။

ရှူတာက- **အာန**၊ ရှိုက်တာက- **ပါန**၊ အောက်မေ့တာက- **သတိ** .... **အာနာပါနဿတိ**။ ဒီကနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ရှုနေ မှတ်နေ ပွားများ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းသည် **အာနာပါနဿတိကမ္မဋ္ဌာန်း** ဖြစ်တယ်။

အာနာပါနဿတိကမ္မဋ္ဌာန်းကို ရှုနေ မှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ‘**သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ**’ လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မဟာသတိပဋ္ဌာနသုတ်တော်မှာ ဟောတော်မူပါတယ်။ **သော**- ထိုကမ္မဋ္ဌာန်း ရှုမှတ်ပွားများ အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည်၊ **သတောဝ**- မလစ်စေမူ သတိရှိသည် ဖြစ်၍သာလျှင်၊ **အဿသတိ**- ဝင်သက်ကို ရှိုက်၏၊ **သတောဝ**- မလစ်စေမူ သတိရှိသည် ဖြစ်၍သာလျှင်၊ **ပဿသတိ**- ထွက်သက်ကို ရှူ၏လို့ ဟောတော်မူပါတယ်။

ဘုရားဒေသနာနှင့်အညီ ဝင်လေ ထွက်လေ ရှူတိုင်း ရှိုက်တိုင်းမှာ သတိနှင့် ရှူပါ။ သတိနှင့် ရှိုက်ပါ။ သတိကင်းပြီး မရှူပါနှင့်၊ သတိကင်းပြီး မရှိုက်ပါနှင့်။ ရှူတိုင်း၊ ရှိုက်

တိုင်း သတိအသိနဲ့ ရှုနေ ရှိုက်နေတဲ့အခါမှာ ဝင်လေ ထွက်လေ နှာသီးဖျား တိုးထိ တွန်းကန်နေတဲ့သဘောလေး ပေါ်မလာဘူးလား။"

"ပေါ်လာပါတယ်ဘုရား"

"သတိကပ်ပြီး ရှုနေ သိနေတဲ့အခါမှာ ရှူတိုင်း, ရှိုက်တိုင်းမှာ ဝင်လေ ထွက်လေရဲ့ တွန်းသဘော၊ ကန်သဘောလေး ပေါ်လာတယ်။ ဘာဖြစ်လို့ တွန်းကန်နေတဲ့သဘော တရားလေး ပေါ်လာသလဲဆိုရင်ဖြင့် ဤလို ပြုချင်လိုတဲ့ သဘောလေး ရှိနေလို့။ ဤလို ရှူချင်တဲ့သဘော၊ ဤလို ရှိုက်ချင်တယ်ဆိုတဲ့ သဘောတရားလေး ရှိနေလို့။ ရှူတိုင်း, ရှိုက်တိုင်းမှာ တွန်းကန်နေတဲ့ သဘောလေး ပေါ်လာတာ။"

"မှန်ပါဘုရား"

"ဤလို ရှူချင်တဲ့သဘော၊ ရှိုက်ချင်တဲ့သဘောကို စိတ်လို့ ခေါ်တယ်။ စိတ်က ရှူချင်လို့ ရှူတဲ့သဘောဖြစ်။ စိတ်က ရှိုက်ချင်လို့ ရှိုက်တဲ့သဘောဖြစ်။ စိတ်ဖြစ်တော့ ဘာဖြစ်လဲ။ စိတ်ဖြစ်တော့ လေဖြစ်တယ်။ လေ၏သဘောက တွန်းကန်နေတဲ့သဘော။ **စိတ္တဇဝါယော**လို့ ခေါ်တယ်။ **စိတ္တ**- စိတ်ကြောင့်၊ **ဇ**- ဖြစ်သော၊ **ဝါယော**- လေ။ ရှူတိုင်း ရှိုက်တိုင်းမှာ ဤလို ပြုချင်တဲ့သဘော၊ ဤလို ရှူချင်တဲ့သဘော၊ ရှိုက်ချင်တဲ့ သဘောက ငါလား၊ စိတ်လား။"



"စိတ်ပါဘုရား"

"စိတ်ဖြစ်တော့ တခြားဖြစ်တာလား။ လေဖြစ်တာလား"

"လေဖြစ်တာပါဘုရား"

"ဒါဖြင့် ခန္ဓာမှာ ရှူတိုင်း ရှိုက်တိုင်း တခြားဖြစ်တာလား။ စိတ်နဲ့ လေဖြစ်တာလား။"

"စိတ်နဲ့လေ ဖြစ်တာပါဘုရား"

"စိတ်နဲ့ လေဖြစ်တာ။ ဤလို ပြုချင်တယ်ဆိုတဲ့ သဘောတရားလေးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'စိတ်'လို့ ခေါ်တယ်။ 'ဝိညာဏ်'လို့ ခေါ်တယ်။ 'နာမ်'လို့လည်း ခေါ်တယ်။ အမှန်ရှိတဲ့အတွက် 'သဘ္ဘာယ'လည်း ခေါ်တယ်။ 'သခ်ါရ', 'ပရမတ်'လည်း ခေါ်တယ်။"

"မှန်ပါဘုရား"

"ဤလို ရှူချင်တဲ့ ရှိုက်ချင်တဲ့သဘောကြောင့် လေဖြစ်၊ ရှူတိုင်း ရှိုက်တိုင်းမှာ လေဖြစ်တယ်။ လေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရုပ်လို့လည်း ခေါ်တယ်။ အမှန်ရှိနေတဲ့ သဘ္ဘာယ, သခ်ါရ, ပရမတ်လို့ ခေါ်တယ်။"

"မှန်ပါဘုရား"

## သတိကောင်းတော့ ပေါ်တာထင်ရှား

"ခန္ဓာမှာ သတိကပ်၊ ဝီရိယစိုက်ပြီး ရှုနေတဲ့ယောဂီရဲ့

ဝိပဿနာ ရှုကွက်အာရုံထဲမှာ ဤလို ရှုချင်တဲ့သဘော၊ ဤလို ရှိုက်ချင်တဲ့သဘော တရားလေး ပေါ်လာတော့၊ ဤလို ရှုချင်တဲ့သဘောက စိတ်ခေါ်တဲ့ နာမ်တရား၊ စိတ်ဖြစ်တော့ လေဖြစ်၊ လေက ရုပ်တရား။

ဝိပဿနာ ရှုကွက်အာရုံထဲမှာ ရှုတိုင်း ရှိုက်တိုင်း တွန်းကန်တဲ့ သဘောရုပ်၊ တွန်းကန်နေတဲ့ သဘောတရားလေးကို သိနေတဲ့ သဘောတရားရယ် ထင်ထင်ရှားရှား ပေါ်လာတယ်။ တွန်းကန်နေတဲ့ သဘောတရားက ရုပ်တရား။ တွန်းကန်နေတဲ့ ရုပ်သဘောတရားလေးကို သိနေတာက နာမ်တရား။ စိတ်အကြောင်းတရားကြောင့် ရုပ်အကျိုးတရားဖြစ်။ ရုပ်အကြောင်းတရားကြောင့် စိတ်အကျိုးတရားဖြစ်။

ခန္ဓာမှာ သတိကပ်၊ ဝီရိယစိုက်ပြီး ရှုနေတဲ့အခါမှာ သတိ၊ သမာဓိတွေ ကောင်းလာတဲ့ ယောဂီ၏ ဝိပဿနာ ရှုကွက် အာရုံထဲမှာ တွန်းကန်နေတဲ့ ရုပ်သဘော၊ တွန်းကန်နေတဲ့ သဘောတရားကို သိနေတဲ့ နာမ်သဘော၊ ရုပ်သဘော၊ နာမ်သဘော၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မ ထင်ရှားမနေဘူးလား။”

“ထင်ရှားနေပါတယ်ဘုရား”

“ရုပ်သဘော၊ နာမ်သဘော၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ ဝိပဿနာ ရှုကွက်အာရုံထဲမှာ ပေါ်လွင်ထင်ရှားအောင် ဖော်ပေးနေတာက သတိတရား။ လူက ဖော်ပေးတာလား။ သတိတရားက ဖော်ပေးတာလား။”



“သတိတရားက ဖော်ပေးတာပါဘုရား”

“သတိတရားက ဖော်ပေးတဲ့အခါကျတော့ သတိကောင်းတော့ ပေါ်တာ ထင်ရှား။ ဝိပဿနာ ရှုကွက်အာရုံထဲမှာ ရုပ်တရား၊ နာမ်တရား ထင်ရှားမလာဘူးလား။”

“ထင်ရှားလာပါတယ်ဘုရား”

## ရှိတာမြင်တော့ မရှိတာစင်

“ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **သမာဓိ**- ဟိုအာရုံ ဒီအာရုံ အလီလီ အဝဝ ပြန့်လွင့် တွေးတော ကြံဆနေတဲ့ စိတ်ကို တည်ငြိမ်အောင်၊ **ဘာဝေထ**- ပွားများကြကုန်လော့၊ စိတ်ပြန့်လွင့် တွေးတော ကြံဆနေရင် စိတ်ငြိမ်သက် တည်ကြည်မှု မရနိုင်ပါ။ စိတ်ငြိမ်သက် တည်ကြည်မှု မရှိရင် သမာဓိ မရနိုင်ပါ။ သမာဓိမှ မရှိရင် ဘုန်းကြီးတို့ ယောဂီတွေ ရုပ်နာမ် ပေါ်ပါ့မလား။”

“မပေါ်ပါဘုရား”

“ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

**သမာဟိ တော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။**

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

**ဘိက္ခဝေ**- ရဟန်းတော်များ အိုချစ်သားတို့၊ **သမာဟိတော**- သမာဓိတည်ကြည်သော ပုဂ္ဂိုလ်သည်၊ **ယထာဘူတံ**- ဟုတ်မှန်တဲ့အတိုင်း၊ **ပဇာနာတိ**- ပိုင်းပိုင်းခြားခြား သိ၏။

“သမာဓိရှိတဲ့ ယောဂီဟာ ခန္ဓာက ယထာဘူတ ဟုတ်မှန်

တဲ့ တရားတွေကို ဉာဏ်နဲ့ သိလာမယ်၊ မြင်လာမယ်။ အမှန်ရှိ၊ အဟုတ်ရှိ၊ တကယ်ရှိတဲ့တရားက ရုပ်ဓမ္မ, နာမ်ဓမ္မ၊ ရုပ်သဘော၊ နာမ်သဘောဆိုတဲ့ ဓမ္မသဘောတွေ သိမနေပါလား"

"သိနေပါတယ်ဘုရား"

"ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

**ဘူတံ ဘူတတော ပဿတိ**"လို့ ဟောတော်မူပါတယ်။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

**ဘူတံ**- ထင်ရှားရှိတဲ့တရားကို၊ **ဘူတတော**- ထင်ရှားရှိတဲ့အတိုင်း၊ **ပဿတိ**- ရှုပါ၊ ကြည့်ပါ။ ထင်ရှားရှိနေတဲ့တရားကို ထင်ရှားရှိတဲ့အတိုင်း ရှုနေပါ။ သိနေပါ။ ခန္ဓာက ပစ္စုပ္ပန်ရုပ်သဘောဖော်ပြရင် ရုပ်သဘောရှု၊ နာမ်သဘော ဖော်ပြရင် နာမ်သဘောကို ရှုနေ၊ သိနေပါ။ အရှိကို အရှိအတိုင်း ရှုနေသိနေပါ။ ရှိတာက ရုပ်နာမ် ပရမတ် သဘာဝတရား။ မရှိတာက ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ပညတ်တရား ရှိတာမြင်လာတော့ မရှိတာတွေ အလိုလို စင်သွားတယ်။ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်နေပါလား။

"ကိုက်နေပါတယ်ဘုရား"

**ထင်ရှားလာသော သန္တတရား ၃-ပါး**

"ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း-**ရူပိနော ဓမ္မာ၊ အရူပိနော ဓမ္မာ**"လို့ ဟောတော်မူပါတယ်။ (ဓမ္မသင်္ဂဏီ ပါဠိတော်)



**ရူပိနော**- ရုပ်မည်ကုန်သော၊ **ဓမ္မာ**- သတ္တဝါ အကောင် မဟုတ်ကုန်သော သဘာဝတရားတို့သည်၊ **သန္တိ**- ရှိကုန်၏၊ **အရူပိနော**- နာမ်မည်ကုန်သော၊ **ဓမ္မာ**- သတ္တဝါအကောင် မဟုတ်ကုန်သော သဘာဝတရားတို့သည်၊ **သန္တိ**- ရှိကုန်၏လို့ ဟောတော်မူပါတယ်။ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း ခန္ဓာမှာ သတိကပ်၊ ဝီရိယစိုက်ပြီး ရှုမှတ်နေတော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိ တစ်ထပ်တည်း ဖြစ်မနေပါလား။"

"ဖြစ်နေပါတယ်ဘုရား"

"အပြောနဲ့ သိတာလား၊ လုပ်ငန်းသဘောနဲ့ သိတာလား"

"လုပ်ငန်းသဘောနဲ့ သိတာပါဘုရား"

"အပြောက ပရိယတ်၊ လုပ်ငန်းသဘောက ပဋိပတ်၊ ပရိယတ်က ပြောတဲ့အတိုင်း၊ ဟောတဲ့အတိုင်း၊ ပဋိပတ်လုပ်ငန်းသဘောနဲ့ ခန္ဓာမှာ သတိကပ် ဝီရိယစိုက်ပြီး ရှုသိနေတော့ ရုပ်နာမ်ပရမတ္ထ သဘာဝတရားတွေ ဝိပဿနာရှုကွက်အာရုံထဲမှာ ဉာဏ်နဲ့ ထင်ရှားစွာ သိမနေဘူးလား။"

"သိနေပါတယ်ဘုရား"

"သတိ၊ သမာဓိမရှိတဲ့ ယောဂီ ထင်ရှားစွာ မသိနိုင်ပါ။ ရုပ်သဘော၊ နာမ်သဘောကို ဝိပဿနာရှုကွက် အာရုံထဲမှာ ထင်ရှားလာအောင် ဖော်ပေးတာက 'သတိ'တရား။ အဲဒီ သတိတရားကို ဘုန်းကြီးတို့ စာပေနဲ့ပြောရင် 'စေတသိက်'လို့ ခေါ်

တယ်။ ရုပ်က ရုပ်တရား။ နာမ်က ဘာလဲဆိုတော့ နာမ်တရား။ စိတ်လည်း ခေါ်တယ်။

ခန္ဓာမှာ ရှုလိုက်တော့ တွန်းကန်နေတဲ့ သဘောက ရုပ်တရား၊ တွန်းကန်နေတဲ့ သဘောတရားလေးကို သိနေတာက စိတ်။ တွန်းကန်တဲ့သဘောနဲ့ သိသဘောကို ဝိပဿနာရှုကွက် အာရုံထဲမှာ ထင်ရှားအောင် ဖော်ပေးတာက သတိလို့ ခေါ်တဲ့ စေတသိက်၊ တွန်းကန်တဲ့သဘောက- **ရုပ်၊** သိသဘောက- **စိတ်၊** ထင်ရှားအောင် ဖော်ပေးတာက သတိခေါ်တဲ့ **စေတသိက်၊** စိတ်, စေတသိက်, ရုပ်၊ သင်္ခတတရားသုံးပါး ထင်ရှားနေတယ်။"

## မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား

"ခန္ဓာမှာ ရှုလိုက်တော့ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ သင်္ခတတရား သုံးပါး ထင်ရှားနေတယ်။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ရုပ်တရားကို ခန္ဓာဖွဲ့လိုက်တော့ ရူပက္ခန္ဓာ၊ ဘာခန္ဓာရ။"

"ရူပက္ခန္ဓာပါဘုရား"

"ရူပက္ခန္ဓာ ရတယ်။ ခန္ဓာမှာ သတိကပ်၊ ဝီရိယစိုက်ပြီး ရှုလိုက်တော့ ဝင်လေထွက်လေ တွန်းကန်နေတဲ့ သဘောတရား။ တွန်းကန်နေတဲ့သဘော ရုပ်တရား။ ရုပ်တရားကို ခန္ဓာဖွဲ့လိုက်တော့ ရူပက္ခန္ဓာ။ ဘာခန္ဓာ ရတယ်။ ရူပက္ခန္ဓာ ရတယ်။ တခြားကြည့်လို့ သိတာလား။ ခန္ဓာကြည့်လို့ သိတာလား။"



"ခန္ဓာကြည့်လို့ သိတာပါဘုရား"

"တခြား ရှုလို့ မြင်တာလား။ ခန္ဓာရှုလို့ မြင်တာလား"

"ခန္ဓာရှုလို့ မြင်တာပါဘုရား"

"မျက်မြင်ခန္ဓာလား။ ဉာဏ်မြင်ခန္ဓာလား။"

"ဉာဏ်မြင်ခန္ဓာပါဘုရား"

"ဉာဏ်မြင်ခန္ဓာ။ မျက်မြင်ခန္ဓာကို ဝိပဿနာ ရှုလို့ ရပ့ါမလား။"

"မရပါဘုရား"

"မျက်မြင်ခန္ဓာက ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း ဟုတ်ရဲ့လား။"

"တင်ပ့ါဘုရား"

"မျက်မြင်ခန္ဓာကို ဝိပဿနာ ရှုလို့ ရပ့ါမလား။"

"မရပါဘုရား"

"ဝိပဿနာ ရှုရမှာက ဉာဏ်မြင်ခန္ဓာ ဖြစ်တယ်။ ဉာဏ်မြင်ခန္ဓာဆိုတာက တခြားရှိတာလား။ ခန္ဓာမှာရှိတာလား။"

"ခန္ဓာမှာ ရှိတာပါဘုရား"

"ရှိနေတဲ့နေရာ ရှုရမှာလား။ မရှိတဲ့နေရာ ရှုရမှာလား"

"ရှိနေတဲ့နေရာ ရှုရမှာပါဘုရား"

"ခန္ဓာမှာ တွန်းကန်နေတဲ့ သဘောကို ခန္ဓာဖွဲ့လိုက်တော့-

ရူပက္ခန္ဓာ၊ ဉာဏ်နဲ့ မြင်မနေပါလား ယောဂီတို့...”

“မြင်နေပါတယ်ဘုရား”

“ငါနဲ့ မြင်တာလား။ ဉာဏ်နဲ့ မြင်တာလား။”

“ဉာဏ်နဲ့ မြင်တာပါဘုရား”

“ငါနဲ့ ထင်ရှားတာလား။ ဉာဏ်နဲ့ ထင်ရှားတာလား”

“ဉာဏ်နဲ့ ထင်ရှားတာပါဘုရား”

“အပြောနဲ့ ကွဲတာလား။ လုပ်ငန်းသဘောနဲ့ ကွဲတာလား။”

“လုပ်ငန်းသဘောနဲ့ ကွဲတာပါဘုရား”

“ခန္ဓာမှာ ကွဲတာလား။ စာအုပ်ထဲ ကြည့်ပြီးတော့ ကွဲတာလား။”

“ခန္ဓာမှာ ကွဲတာပါဘုရား”

“လူက ခွဲခြားပေးတာလား။ ဉာဏ်က ခွဲခြားပေးတာလား။”

“ဉာဏ်က ခွဲခြားပေးတာပါဘုရား။”

“ဉာဏ်က ခွဲခြားပေးတာ။ ပရိယတ္တိက ဟောတဲ့သဘောကို ခန္ဓာပဋိပတ်လုပ်ငန်းနဲ့ ရှုလိုက်တော့ တွန်းကန်နေတဲ့သဘောကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရုပ်တရား။ ခန္ဓာဖွဲ့လိုက်တော့ ရူပက္ခန္ဓာ။”



## ငါက ခံစားတာလား၊ ဝေဒနာက ခံစားတာလား

“ခန္ဓာမှာ ရှုတော့ ရှူတဲ့သဘော၊ ရှိုက်တဲ့သဘော။ ရှူတာကို ဘုန်းကြီးတို့ တောက်လျှောက် ရှူလို့ ရရဲ့လား။”

“မရပါဘုရား”

“ရှူတာကို တောက်လျှောက် ရှူလို့ မရတော့ မရှိုက်ရဘူးလား။”

“ရှိုက်ရပါတယ်ဘုရား”

“မခံသာတော့ ခံသာအောင် ရှိုက်ရတယ်။ ရှိုက်တာကို တောက်လျှောက်ရှိုက်လို့ ရရဲ့လား။”

“မရပါဘုရား”

“မရတော့ ခံသာအောင် ရှူရပြန်တယ်။ ခံသာလို့လား။ မခံသာလို့လား။”

“မခံသာလို့ပါဘုရား”

“ရှူတာလည်း တောက်လျှောက် ရှူလို့ မရ၊ ရှိုက်တာလည်း တောက်လျှောက် ရှိုက်လို့မရ။ ခံသာအောင် ရှူလိုက်ရ။ ရှိုက်လိုက်ရနဲ့ ဝင်လေ ထွက်လေ ရှူတိုင်း ရှိုက်တိုင်း တွန်းကန်နေတဲ့ သဘောတရားလေးကို ရှုနေ သိနေရင်းနဲ့ မခံသာတဲ့ သဘော။ ခံသာတဲ့သဘော၊ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့သဘောတရားတွေ ဝိပဿနာ ရှုကွက် အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာပါတယ်။”

“မှန်ပါဘုရား”

“ရှူတိုင်း, ရှိုက်တိုင်းမှာ မခံသာတဲ့သဘော၊ ခံသာတဲ့ သဘော၊ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့သဘောကို ခံစားနေတာက- **ဝေဒနာ**။ မခံသာတဲ့ သဘောတရားက- **ဒုက္ခ**။ ခံသာတဲ့သဘောတရားက- **သုခ**။ ဒုက္ခကို ခံစားနေတာက- **ဝေဒနာ**။ သုခကို ခံစားနေတာက- **ဝေဒနာ**။ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့ သဘောကို ခံစားနေတာက **ဥပေက္ခာဝေဒနာ**။

ခန္ဓာမှာ သတိ၊ သမာဓိ ကောင်းနေတဲ့ ယောဂီရဲ့ ဝိပဿနာ ရှုကွက်အာရုံထဲမှာ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဝေဒနာပေါ်လာတယ်။”

“မှန်ပါဘုရား”

“မခံသာတဲ့သဘောကို ခံစားတာ ငါက ခံစားတာလား။ ဝေဒနာက ခံစားတာလား။”

“ဝေဒနာက ခံစားတာပါဘုရား”

“ခံသာတဲ့သဘောကို ခံစားတာ ငါက ခံစားတာလား။ ဝေဒနာက ခံစားတာလား။”

“ဝေဒနာက ခံစားတာပါဘုရား”

“ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့သဘောကို ခံစားနေတာ ငါက ခံစားတာလား။ ဝေဒနာက ခံစားတာလား။”



“ဝေဒနာက ခံစားတာပါဘုရား”

“ဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဝေဒနာက္ခန္ဓာ။ ဘာခန္ဓာ ရပါလိမ့်။”

“ဝေဒနာက္ခန္ဓာပါဘုရား”

**ဓမ္မတာ ဝေဒနာကို ရှုရမှာလား၊ သဘာဝဝေဒနာကို ရှုရမှာလား**

“ဝေဒနာက္ခန္ဓာဆိုတာက မျက်မြင်ခန္ဓာလား။ ဉာဏ်မြင်ခန္ဓာလား။”

“ဉာဏ်မြင်ခန္ဓာပါဘုရား”

“မျက်မြင်ခန္ဓာကို ဝိပဿနာ ရှုရမှာလား။ ဉာဏ်မြင်ခန္ဓာကို ဝိပဿနာ ရှုရမှာလား။”

“ဉာဏ်မြင်ခန္ဓာကို ရှုရမှာပါဘုရား”

“ဉာဏ်မြင်ခန္ဓာကို ဝိပဿနာ ရှုရမှာ။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခန္ဓာက ဖော်ပြနေတာက သဘာဝဝေဒနာလား၊ ဓမ္မတာဝေဒနာလား။

ဒီကနေ့ ခန္ဓာမှာ ဝိပဿနာ ရှုနေ မှတ်နေတဲ့ ယောဂီရဲ့ ဝိပဿနာ ရှုကွက်အာရုံထဲမှာ သဘာဝဝေဒနာ၊ ဓမ္မတာဝေဒနာ ဘယ်ဝေဒနာ ပေါ်နေတာလည်းလို့ဆိုတော့ သဘာဝဝေဒနာ ပေါ်နေတာ။ သဘာဝဝေဒနာဆိုတာက ခံစားတတ်တဲ့သဘောတရား။ ဓမ္မတာဝေဒနာဆိုတာက နာတာ, ကိုက်တာ, ကျဉ်တာ။

အဲဒါက ဓမ္မတာဝေဒနာ၊ ဓမ္မတာဒုက္ခ။ နာတယ်, ကျဉ်တယ်, ကိုက်တယ်, အောင့်တယ်ဆိုတဲ့ ဓမ္မတာဝေဒနာက ဆေးစားရင်၊ ဆေးထိုးရင် မပျောက်ဘူးလား။"

"ပျောက်ပါတယ်ဘုရား"

"ဒါဖြင့် ဒီကနေ့ ဝိပဿနာ ရှုနေ မှတ်နေတဲ့အခါမှာ ဓမ္မတာဝေဒနာကို ရှုရမှာလား။ သဘာဝဝေဒနာကို ရှုရမှာလား"

"သဘာဝဝေဒနာကို ရှုရမှာပါဘုရား"

"သဘာဝဝေဒနာကို ရှုရမှာ။ ဓမ္မတာဝေဒနာ၊ ဓမ္မတာဒုက္ခက ပညတ်တရား၊ သဘာဝဝေဒနာက ပရမတ်တရား၊ ပညတ် ဝေဒနာကို မရှုရ၊ ပရမတ် ဝေဒနာကို ရှုရမှာ။"

## ဝေဒနာပေါ်ဉာဏ်ဝင် ဒိဋ္ဌိစင်

"ခန္ဓာက မျိုးစုံပေါ်လာတော့ ဘယ်လို ရှုရမှာလဲ။ ဝေဒနာ ခံစားတဲ့သဘောရှု။ ခန္ဓာက ရုပ်တရားတွေ ပေါ်လာတဲ့အခါမှာ ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘောရှု။

**"ရုပ္ပတီတိ ရူပံ"**

**ရုပ္ပတိ**- ဖောက်ပြန်တတ်၏၊ **ဣတိ တသ္မာ**- ထို့ကြောင့်၊ **ရူပံ**- ရုပ်မည်၏။ ရုပ်က ဖောက်ပြန်တဲ့သဘော။

**သီတေန ပိ ရုပ္ပတိ၊ ဥဏှေန ပိ ရုပ္ပတိ။** (ဝိဘင်းပါဠိတော်)

**ရူပံ**- ရုပ်တရားသည်၊ **သီတေနပိ**- အအေး တေဇော



ကြောင့်လည်း၊ **ရုပ္ပတိ**- ဖောက်ပြန်တတ်၏။ **ဥဏှေနပိ**- အပူ တေဇောကြောင့်လည်း၊ **ရုပ္ပတိ**- ဖောက်ပြန်တတ်၏။

ရုပ်တရားဟာ ပူတော့တစ်မျိုး၊ အေးတော့ တစ်မျိုး၊ ဖောက်ပြန်တယ်၊ မဖောက်ပြန်ဘူးလား။"

"ဖောက်ပြန်ပါတယ်ဘုရား"

"ခန္ဓာမှာ ပူတော့တစ်မျိုး၊ အေးတော့တစ်မျိုး၊ ရုပ်တရားတွေ ဖောက်ပြန်လာတဲ့အခါမှာ ပြင်းပြင်းထန်ထန် ဖောက်ပြန်လာတော့ မခံသာတဲ့သဘော၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဖောက်ပြန်လာတော့ ခံသာတဲ့သဘော၊ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့သဘော။

ခန္ဓာက ရုပ်တရားတွေ ဖောက်ပြန်တိုင်း ဖောက်ပြန်တိုင်း မခံသာသည့်သဘောကို ခံစားနေတာ- **ဝေဒနာ**၊ ခံသာတဲ့ သဘောကို ခံစားနေတာ- **ဝေဒနာ**။ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့သဘောတရားကို ခံစားနေတာ- **ဝေဒနာ**။ ခန္ဓာက ရုပ်တရားတွေ ဖောက်ပြန်တိုင်း ဖောက်ပြန်တိုင်း ဝေဒနာက ခံစားတတ်တဲ့ သဘောတရား။ ငါက ခံစားတာလား။ ဝေဒနာက ခံစားတာလား။"

"ဝေဒနာက ခံစားတာပါဘုရား"

"ဝေဒနာက ခံစားတာ။ ဝေဒနာက ခံစားတတ်တဲ့ သဘောတရားကို သတိကပ်ပြီး ရှုနေ မှတ်နေတဲ့အခါ ဝိပဿနာ

ရှုကွက်အာရုံထဲ ထင်ထင်ရှားရှား ပေါ်လာတာက ဝေဒနာ (ခံစားတဲ့သဘောတရား)၊ ငါက ခံစားတာလား၊ ဝေဒနာက ခံစားတာလား။"

"ဝေဒနာက ခံစားတာပါဘုရား"

"**ဝေဒနာ**က ခံစားတတ်တဲ့သဘောတရား။ အမှန်ရှိတာက **သက္ကာယ**။ သူ့ငါ ထင်တာက **ဒိဋ္ဌိ**။ ဝေဒနာပေါ် ဉာဏ်ရောက်တော့ ဒိဋ္ဌိ ပျောက်မသွားဘူးလား။"

"ဒိဋ္ဌိ ပျောက်သွားပါတယ်ဘုရား"

"ဝေဒနာပေါ် ဉာဏ်ဝင်တော့ ဒိဋ္ဌိမစင်ဘူးလား။"

"စင်ပါတယ်ဘုရား"

### အာရုံရဲ့အရသာ ခံစားတာ ဘာလဲ

"ဒါကြောင့် ရုပ်တရားပေါ်ကနေပြီး ဘုန်းကြီးတို့ ဝေဒနာရှုကွက် ဖော်ပေးနေတာ။ ခြေ၊ လက်၊ ရင်၊ ဝမ်း၊ ခါး၊ ဗိုက် ဆိုတဲ့ မရှိတဲ့ ပညတ်ပေါ်က ဝေဒနာရှုကွက် ဖော်ပေးတာလား၊ ရုပ်တရားပေါ်က ဝေဒနာရှုကွက် ဖော်ပေးတာလား။"

"ရုပ်တရားပေါ်က ဝေဒနာရှုကွက် ဖော်ပေးတာပါဘုရား"

"ဒါဖြင့်ရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ငါ့ဒူးခေါင်းက ကိုက်တယ်။ ငါ့ခါးက နာတယ်။ ငါ့ခေါင်းက ကိုက်တယ်။ ခြေလက်တွေ ထုံတယ်ဆိုတာက- ဓမ္မတာဝေဒနာ။ အဲဒီဓမ္မတာဝေဒနာကို ရှုနေရင် ရှုကွက်မှန်ပါ့မလား။"

"မမှန်ပါဘုရား"

"ဓမ္မတာဝေဒနာကို ရှုနေရင် အမလေး၊ အလိုလေး မတ,ရဘူးလား။"

"တ,ရပါတယ်ဘုရား"

"ဒါဖြင့် ဘုန်းကြီးတို့ယောဂီတွေ ဝေဒနာ ရှုကွက် မှားမနေဘူးလား။"

"မှားနေပါတယ်ဘုရား"

"ရှုရမှာက ခံစားတဲ့ သဘာဝဝေဒနာကို ရှုရမှာ။ ငါထုံတယ်။ ငါကျဉ်တယ်၊ ငါကိုက်တယ်ဆိုတာက ဓမ္မတာဝေဒနာ၊ ဓမ္မတာဝေဒနာက ပညတ်၊ သဘာဝဝေဒနာက ပရမတ်။ ဝေဒနာဆိုတာက ဘာလဲ-ခံစားတာ။"

### "ဝေဒယတီတိ ဝေဒနာ"

**ဝေဒယတိ**- ခံစားတတ်၏။ **ဣတိ တသ္မာ**- ထို့ကြောင့်၊ **ဝေဒနာ**- ဝေဒနာခေါ်၏။ ဝေဒနာဆိုတာ ခံစားတာ။ ဘာကို ခံစားသလဲဆိုတော့-

### 'အာရမ္မဏရသံ ဝေဒယတီတိ ဝေဒနာ'

**အာရမ္မဏရသံ**- အာရုံရဲ့အရသာကို၊ **ဝေဒယတိ**- ခံစားတတ်၏။ **ဣတိ တသ္မာ**- ထို့ကြောင့်၊ **ဝေဒနာ**- ဝေဒနာခေါ်၏။

အာရုံရဲ့ အရသာကို ခံစားတာ ဘာလဲ။"

"ဝေဒနာပါဘုရား"

"လူတွေ, သတ္တဝါတွေ ခံစားတာလား။ အာရုံရဲ့ အရသာကို ခံစားတာလား။"

"အာရုံရဲ့ အရသာကို ခံစားတာပါဘုရား"

"ခံစားမှုသဘော- ဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဝေဒနာက္ခန္ဓာ၊ ဘာခန္ဓာရ။"

"ဝေဒနာက္ခန္ဓာ ရပါတယ်ဘုရား"

## ဉာဏ်မြင်ခန္ဓာကို ဝိပဿနာရှုရမှာ

"**ရုပ်**-ဖောက်ပြန်တဲ့သဘော၊ **ဝေဒနာ**-ခံစားတဲ့သဘော။ ဖောက်ပြန်တဲ့သဘောရုပ်ကို ခန္ဓာဖွဲ့လိုက်တော့ ရူပက္ခန္ဓာ။ ခံစားတဲ့သဘော ဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဝေဒနာက္ခန္ဓာ။ ခန္ဓာနှစ်ပါး ရှိပြီနော်။"

"မှန်ပါဘုရား"

"ရှုတိုင်း,ရှိုက်တိုင်းမှာ မှတ်ပေးတဲ့သဘောလေး မရှိဘူးလား။"

"ရှိပါတယ်ဘုရား"

"မှတ်တာ ငါက မှတ်တာလား။ သညာက မှတ်တာလား။"

"သညာက မှတ်တာပါဘုရား"



"သညာကို ခန္ဓာဖွဲ့လိုက်တော့ သညာက္ခန္ဓာ။ ဘာခန္ဓာရ"

"သညာက္ခန္ဓာ ရပါတယ်ဘုရား"

"ခံစားပေးဖို့၊ မှတ်ပေးဖို့ စေ့ဆော်နေတဲ့ စေတနာလေး မရှိဘူးလား။"

"ရှိပါတယ်ဘုရား"

"စေတနာကို ခန္ဓာဖွဲ့လိုက်တော့ သင်္ခါရက္ခန္ဓာ၊ ဘာခန္ဓာရပါလိမ့်။"

"သင်္ခါရက္ခန္ဓာ ရပါတယ်ဘုရား"

"ရှုတိုင်း, ရှိုက်တိုင်းမှာ တွန်းကန် လှုပ်ရှားတဲ့သဘောတရားကို သိတဲ့ သဘောမရှိဘူးလား။"

"ရှိပါတယ်ဘုရား"

"ငါက သိတာလား။ စိတ်က သိတာလား။"

"စိတ်က သိတာပါဘုရား"

"ငါက သိတာလား။ ဝိညာဏ်က သိတာလား။"

"ဝိညာဏ်က သိတာပါဘုရား"

"ဝိညာဏ်ကို စိတ်ခေါ်တယ်။ ဝိညာဏ်ကို ခန္ဓာဖွဲ့လိုက်တော့ ဝိညာဏက္ခန္ဓာ။ ဘာခန္ဓာရ။"

"ဝိညာဏက္ခန္ဓာ ရပါတယ်ဘုရား"

"ဝိပဿနာ ရှုကွက်အာရုံထဲမှာ ရုပ်တိုင်း ရှိက်တိုင်း ဝင်လေ ထွက်လေရဲ့ တွန်းကန်နေတဲ့ သဘောတရားကို ရှုနေ မှတ်နေတဲ့အခါမှာ သတိ၊ သမာဓိတွေ ကောင်းလာတဲ့အခါမှာ သတိဆိုတာ အရှိတရားကို ဖော်တာလား။ မရှိတရားကို ဖော်တာလား။"

"အရှိတရားကို ဖော်တာပါဘုရား"

"သမာဓိဆိုတာ ရှိတဲ့တရားပေါ် တည်တာလား။ မရှိတဲ့တရားပေါ် တည်တာလား။ ရှိတဲ့တရားပေါ် တည်တာ။ အရှိတရားပေါ်မှာ စိတ်တည်တာ သမာဓိ။

ဒါကြောင့်-**သတိကောင်းတော့ ပေါ်တာ ထင်ရှား။**
**ဝီရိယ ကောင်းတော့ စိတ်က တခြားမသွား။**
**ပေါ်တိုင်း ပေါ်တိုင်း စိတ်တည်ပြား။**

သတိ သမာဓိကောင်းလာတဲ့ယောဂီရဲ့ ဝိပဿနာရှုကွက်အာရုံထဲမှာ ရုပ်တိုင်း၊ ရှိက်တိုင်း ဝင်လေ ထွက်လေ တွန်းကန်နေတဲ့သဘောကို ရှုနေ မှတ်နေရင်းနဲ့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ ခန္ဓာငါးပါး မြင်မလာဘူးလား။"

"မြင်လာပါတယ်ဘုရား"

"ဉာဏ်မြင်ခန္ဓာလား။ မျက်မြင်ခန္ဓာလား။"

"ဉာဏ်မြင်ခန္ဓာပါဘုရား"



"မျက်မြင်ခန္ဓာကို ဝိပဿနာ ရှုလို့ မရဘူး။ ဉာဏ်မြင်ခန္ဓာကို ဝိပဿနာ ရှုရမှာ။"

**ခန္ဓာငါးပါးတို့ရဲ့ သဘာဝလက္ခဏာတွေ တူကြရဲ့လား**

ရူပက္ခန္ဓာရဲ့ သဘာဝလက္ခဏာက-
**ဖောက်ပြန်တဲ့သဘောတရား။**

ဝေဒနာက္ခန္ဓာရဲ့ သဘာဝလက္ခဏာက-
**ခံစားတဲ့သဘော တရား။**

သညာက္ခန္ဓာရဲ့ သဘာဝလက္ခဏာက-
**မှတ်သားတဲ့ သဘောတရား။**

စေတနာခေါ်တဲ့ သင်္ခါရက္ခန္ဓာရဲ့ သဘာဝလက္ခဏာက-
**စေ့ဆော်တဲ့ သဘောတရား။**

စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ သဘာဝလက္ခဏာက-
**သိတတ်တဲ့ သဘောတရား။**

ခန္ဓာငါးပါး သဘာဝလက္ခဏာအားဖြင့် မတူကြပါ။ တူကြရဲ့လား။

"မတူကြပါဘုရား"

"ရုပ်က ဖောက်ပြန်တဲ့သဘောတရား။ ဝေဒနာက ခံစားတဲ့ သဘောတရား။ သညာက မှတ်သားတဲ့ သဘောတရား။ စေတနာခေါ် သင်္ခါရက စေ့ဆော်တဲ့ သဘောတရား။ စိတ်ခေါ်တဲ့ ဝိညာဏ်က သိတဲ့သဘောတရား။ တူကြရဲ့လား။"

"မတူကြပါဘုရား"

"မတူတာကို သိနေတာ ငါက သိတာလား။ ဉာဏ်က သိတာလား။"

"ဉာဏ်က သိတာပါဘုရား"

"ငါနဲ့ ပိုင်းခြားပြီး သိတာလား။ ဉာဏ်နဲ့ ပိုင်းခြားပြီး သိတာလား။"

"ဉာဏ်နဲ့ ပိုင်းခြားပြီး သိတာပါဘုရား"

"ပုဂ္ဂိုလ်, သတ္တဝါက ပိုင်းခြားပြီး မြင်တာလား။ ဉာဏ်နဲ့ ပိုင်းခြားပြီး မြင်တာလား။"

"ဉာဏ်နဲ့ ပိုင်းခြားပြီး မြင်တာပါဘုရား"

"တခြား ရှုလို့ မြင်တာလား။ ခန္ဓာရှုလို့ မြင်တာလား"

"ခန္ဓာရှုလို့ မြင်တာပါဘုရား"

"တခြား ရှုလို့ ကွဲတာလား။ ခန္ဓာရှုလို့ ကွဲတာလား။"

"ခန္ဓာရှုလို့ ကွဲတာပါဘုရား"

"စာအုပ်ထဲကြည့်ပြီး မတူတာလား။ ခန္ဓာအရှိ ဉာဏ်နဲ့ ကြည့်ပြီး မတူတာကို သိတာလား။"

"ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်ပြီး သိတာပါဘုရား"

"ဒါဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ အပြောနဲ့ ကွဲပါ့မလား။"

"မကွဲပါဘုရား"



"ပရိယတ္တိက ပြောတဲ့ ဟောတဲ့အတိုင်း ပဋိပတ်လုပ်ငန်း သဘောနဲ့ လက်တွေ့ကျကျ ရှုမှတ်နေတဲ့အခါမှာ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ရဲ့ သဘာဝလက္ခဏာတွေ တူကြရဲ့လား။"

"မတူပါဘုရား"

## ရုပ်တရားတွေ ဖောက်ပြန်ပျက်

"ခန္ဓာငါးပါး ဘယ်မှာရှိ။ ရှုတိုင်း ရှိုက်တိုင်းမှာ ခန္ဓာငါးပါး ရှိမနေဘူးလား။"

"ရှိပါတယ်ဘုရား"

"ဘာဖြစ်လို့ ရှိရှိနေတာလဲ။"

"ဖြစ်ဖြစ်နေလို့ ရှိနေတာပါဘုရား"

"အခုဖြစ်တဲ့ ခန္ဓာငါးပါး အခုရှုတော့ မသိဘူးလား။"

"သိပါတယ်ဘုရား"

"ခန္ဓာမှာ ရှုတိုင်း, ရှိုက်တိုင်း ရူပက္ခန္ဓာခေါ်တဲ့ ရုပ်တရား ဖြစ်မလာဘူးလား။"

"ဖြစ်လာပါတယ်ဘုရား"

"ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဖြစ်ပြီးတော့ မပျက်ဘူးလား။

"ပျက်ပါတယ်ဘုရား"

“ခန္ဓာမှာ သတိကပ်ပြီး ရှုနေတဲ့အခါမှာ သတိ,သမာဓိတွေ ကောင်းနေတဲ့ ယောဂီရဲ့ ဝိပဿနာ ရှုကွက်အာရုံထဲမှာ ရုပက္ခန္ဓာ ခေါ်တဲ့ ရုပ်တရားက ဖောက်ပြန်ပျက်၊ မပျက်ဘူးလား။”

“ပျက်ပါတယ်ဘုရား”

“ခန္ဓာမှာ ရှုလိုက်တော့ ရုပ်တရားတွေ ဖောက်ပြန်ပျက် ခန္ဓာမှာ ရှုလိုက်တော့ ခန္ဓာကနေပြီး တလှုပ်လှုပ်၊ တရှိန်ရှိန်၊ တရွရွ၊ တမွမွ ခန္ဓာက ပေါ်မလာဘူးလား။”

“ပေါ်လာပါတယ်ဘုရား”

“ပေါ်လာတဲ့ သဘောတရားတွေ ပေါ်ပေါ်ပြီးတော့ ပျောက်ပျောက်မသွားဘူးလား။”

“ပျောက်သွားပါတယ်ဘုရား”

“ပေါ်တဲ့ သဘောတရားက အဖြစ်တရား၊ ပျောက်တဲ့ သဘောတရားက အပျက်တရား။ ခန္ဓာမှာ သတိကပ်ပြီး ရှုလိုက်တဲ့အခါ ရုပ်သဘောက ဖောက်ပြန်တဲ့သဘောတရား။ ဖောက်ပြန်တဲ့သဘောတရား ဉာဏ်ထဲမှာ ဝိပဿနာရှုကွက်အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာတယ်။ ခန္ဓာမှာ ဖောက်ပြန်တဲ့သဘော ဘယ်လိုပေါ်လာသလဲဆိုတော့ ခန္ဓာက **“သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ**- အအေးကြောင့်၊ အပူကြောင့် ခန္ဓာက ရုပ်တရားတွေ ဖောက်ပြန်လာတယ်။ ဖောက်ပြန်တဲ့သဘော ပေါ် မလာဘူးလား။”



“ပေါ်လာပါတယ်ဘုရား”

“ခန္ဓာက ပူတဲ့အခါ ခန္ဓာကိုယ်ကြီး တနွေးနွေး၊ တရှိန်ရှိန်၊ အိုက်စပ်စပ်နဲ့ ရုပ်တွေ ဖောက်ပြန်မလာဘူးလား။”

“ဖောက်ပြန်လာပါတယ်ဘုရား”

“အေးတဲ့အခါ ရုပ်သဘော အေးစက်ထုံကျဉ်ပြီး ဖောက်ပြန်မလာဘူးလား”

“ဖောက်ပြန်လာပါတယ်ဘုရား”

“ရုပ်တရားတွေ ခန္ဓာကိုယ်က ဖောက်ပြန်လာတဲ့အခါမှာ ဖောက်ပြန်တဲ့သဘောတရားကို သတိကပ်၊ ဝီရိယလေး စိုက်ပြီး ရှုနေတဲ့အခါ ဖောက်ပြန်တဲ့သဘောတရားလေးကလည်း ပေါ်လာပြီးတော့ ပျောက်တဲ့သဘောတရား။”

**‘ဣတိ ရူပံ’ ဣတိ**- ဤဖောက်ပြန်တဲ့သဘောတရားလေးသည်၊ **ရူပံ**- ရုပ်လို့ ခေါ်တယ်။

**ဣတိ ရူပဿ သမုဒယော**- ဖောက်ပြန်တဲ့ ရုပ်သဘောရဲ့ အဖြစ်တရား၊ ဖောက်ပြန်တဲ့ ရုပ်၏အဖြစ်ကိုမှ မမြင်ရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အပျက်ကို မြင်ပါ့မလား။

“မမြင်ပါဘုရား”

“ဖောက်ပြန်တဲ့ သဘာဝလက္ခဏာကိုမှ မမြင်လျှင် အဖြစ်ကို မြင်နိုင်ပါ့မလား”

“မမြင်နိုင်ပါ့မလား”

“အဖြစ်ကို မမြင်နိုင်၊ **ဣတိ ရူပဿ သမုဒယော**- ဖြစ်ပြီးတော့ ဘယ်ပျောက်သွားသလဲဆိုတော့-

**“ဣတိ ရူပဿ အတ္ထင်္ဂမော” ဣတိ**- ဤ ဖောက်ပြန်တဲ့ သဘောတရားလေး၊ **အတ္ထင်္ဂမော**- ပျက်သွားတယ်။

**သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ မကွဲသမျှ မဂ်ဖောမကျ**

“ခန္ဓာမှာ သတိ, သမာဓိ ကောင်းနေတဲ့ ယောဂီရဲ့ ဝိပဿနာ ရှုကွက်အာရုံထဲမှာ ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘောကို သိတယ်။ ဖောက်ပြန်တဲ့သဘောလေး သိတော့ ဖောက်ပြန်တဲ့ အဖြစ်သဘော၊ အပျက်သဘော ဉာဏ်ထဲမှာ မြင်လာတယ်။ ရုပ်ရဲ့ဖောက်ပြန်တဲ့ သဘာဝလက္ခဏာကိုမှ ဉာဏ်နဲ့ မမြင်ဘဲနဲ့ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော မြင်ပါ့မလား။”

“မမြင်ပါဘုရား”

**“ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ။**

**ဥပ္ပါဒေါ**- ဖြစ်ပေါ်လာခြင်းသည်၊ **ပညာယတိ**- ထင်ရှား၏၊ ရုပ်ဖြစ်တဲ့သဘောလေး ဝိပဿနာ ရှုကွက်အာရုံထဲ၊ ဉာဏ်ထဲမှာ ထင်ရှားမနေဘူးလား။”

“ထင်ရှားနေပါတယ်ဘုရား”

“**ဝယော**- ပျက်သွားတဲ့သဘောသည်၊ **ပညာယတိ**- ထင်ရှား၏။



ဝိပဿနာရှုနေတဲ့ ရှုကွက်အာရုံထဲ၊ ဉာဏ်ထဲမှာ အဖြစ်သဘောတွေ ထင်ရှားလာတယ်။ အပျက်သဘောတွေ ထင်ရှားလာတယ်။ ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘာဝလက္ခဏာကိုမှ မမြင်ဘဲနဲ့ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော မြင်ပါ့မလား။”

“မမြင်ပါဘုရား”

“ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘောက သဘာဝလက္ခဏာ။ ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘာဝလက္ခဏာကို အရှုခံထားပြီးတော့ ရှုဉာဏ်နဲ့ ရှုလိုက်တဲ့အခါမှာ ဖြစ်ပျက်ပေါ်လာတဲ့သဘော၊ ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘောက “သဘာဝလက္ခဏာ”။ ဖြစ်ပျက်က “သာမညလက္ခဏာ”။ သဘာဝလက္ခဏာ၊ သာမညလက္ခဏာ မတူဘူး။ တူရဲ့လား။”

“မတူပါဘုရား”

“သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ မတူတာကို ပိုင်းခြားပြီး သိနေတာ ငါက သိတာလား။ ဉာဏ်က သိတာလား။”

“ဉာဏ်က သိတာပါဘုရား”

“ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘောက သဘာဝလက္ခဏာ။ ဖြစ်ပျက်က သာမညလက္ခဏာ။ သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ”တူရဲ့လား။”

“မတူပါဘုရား”

“သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ မကွဲသမျှ မဂ်ဖော မကျနိုင်။ သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ မကွဲသမျှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဘယ်တော့မှ မရနိုင်။ ရနိုင်ပါ့မလား။”

“မရနိုင်ပါဘုရား”

**ဝေဒနာကလည်း ခံစားပျက်**

“ရုပ်က ဖောက်ပြန်လာတဲ့အခါ မခံသာတဲ့သဘော၊ ခံသာ တဲ့သဘော၊ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်း မဟုတ်တဲ့သဘော ပေါ်မလာဘူးလား။”

“ပေါ်လာပါတယ်ဘုရား”

“မခံသာတဲ့သဘော၊ ခံသာတဲ့သဘော ခံစားနေတာ ငါက ခံစားတာလား။ ဝေဒနာက ခံစားတာလား။”

“ဝေဒနာက ခံစားတာပါဘုရား”

“ဝေဒနာရဲ့ သဘာဝလက္ခဏာက ခံစားတတ်တဲ့ သဘောတရား။ ဝေဒနာရဲ့ သဘောတရားလေးကို သတိကပ်၊ ဝီရိယစိုက်ပြီး ရှုနေတဲ့အခါ ဝေဒနာကလည်း ရုပ်ဖောက်ပြန် တိုင်း၊ ဖောက်ပြန်တိုင်း ခံစား ခံစား မနေဘူးလား။”

“ခံစားနေပါတယ်ဘုရား”

“ရုပ်ကလည်း ဖောက်ပြန်ပျက်၊ ဝေဒနာကလည်း ခံစား ပျက်၊ ဝေဒနာကလည်း ခံစားပြီး မပျက်ဘူးလား။”



“ပျက်ပါတယ်ဘုရား”

“ဝေဒနာကို မမြင်ဘဲနဲ့ ဝေဒနာရဲ့ အဖြစ်သဘော မြင်ပါ့မလား။”

“မမြင်နိုင်ပါဘုရား”

“ဝေဒနာရဲ့ ခံစားတဲ့အဖြစ်သဘော မမြင်ရင် ဝေဒနာ ရဲ့ အပျက်သဘော မြင်ပါ့မလား။”

“မမြင်ပါဘုရား”

“ဝေဒနာကို ရှုတဲ့အခါ သတိ၊ သမာဓိကောင်းနေတဲ့ ယောဂီရဲ့ ဝိပဿနာ ရှုကွက်အာရုံထဲမှာ ဝေဒနာ မြင်လာတော့ ဝေဒနာ ခံစားတဲ့သဘော။ ဝေဒနာခံစားတဲ့ သဘောလေး ရှုရင်းနဲ့ ဝေဒနာရဲ့ အဖြစ်ကို မြင်လာတယ်။ အပျက်ကို မြင်လာ တယ်။ ဝေဒနာရဲ့ ခံစားတဲ့သဘောက သဘာဝလက္ခဏာ။ ဝေဒနာရဲ့ဖြစ်ပျက်နေတဲ့ သဘောတရားက သာမညလက္ခဏာ။ ဝေဒနာကို ရှုလိုက်တဲ့အခါ ဝေဒနာရဲ့ သဘာဝလက္ခဏာ၊ သာမညလက္ခဏာ၊ တူရဲ့လား။”

“မတူပါဘုရား”

**ခန္ဓာငါးပါးတို့ရဲ့ သာမညလက္ခဏာတွေ တူကြတယ်**

ခန္ဓာမှာ ဖောက်ပြန်တဲ့သဘော၊ ခံစားတဲ့သဘောကို မှတ် နေတဲ့ သညာသဘော မရှိဘူးလား။

“ရှိပါတယ်ဘုရား”

“သညာရဲ့သဘော ရှုလိုက်တဲ့အခါမှာ သညာရဲ့ မှတ်သား တတ်တဲ့ သဘောက သဘာဝလက္ခဏာ၊ သညာရဲ့ သဘော တရားကလည်း မှတ်ပြီးတော့ ပျောက်မသွားဘူးလား။”

“ပျောက်သွားပါတယ်ဘုရား”

“သညာက္ခန္ဓာကို ရှုပြန်တော့လည်း သညာက္ခန္ဓာရဲ့ သဘောတရားကလည်း မှတ်မှတ်ပြီးတော့ ပျောက်ပျောက်သွားတဲ့သဘော။ သညာက္ခန္ဓာ ကြည့်ပြန်တော့လည်း သညာက္ခန္ဓာက ဖြစ်ပျက်။ သညာက္ခန္ဓာရဲ့ မှတ်သားတတ်တဲ့သဘောက သဘာဝလက္ခဏာ၊ ဖြစ်ပျက်တာက သာမညလက္ခဏာ။

စေတနာခေါ်တဲ့ သင်္ခါရက္ခန္ဓာရဲ့ သဘာဝလက္ခဏာက စေ့ဆော်တဲ့ သဘောတရား။ စေတနာခေါ်တဲ့ သင်္ခါရက္ခန္ဓာရဲ့ သဘာဝလက္ခဏာကလည်း ဖြစ်ပြီးတော့ ပျက်တဲ့သဘောတရား။ ဖြစ်ပျက်နေတာက သာမညလက္ခဏာ။

ဝိညာဏက္ခန္ဓာကလည်း သိပြီးတော့ ပျက်တဲ့သဘော တရား။ ဝိညာဏက္ခန္ဓာကို ရှုပြန်တော့ ဝိညာဏက္ခန္ဓာရဲ့ သဘာဝ လက္ခဏာက သိတတ်တဲ့သဘောတရား။ သာမညလက္ခဏာက ဖြစ်ပျက်တဲ့ သဘောတရား။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ- ခန္ဓာငါးပါး သဘာဝလက္ခဏာ မတူဘူး။ သာမညလက္ခဏာကျတော့ တူကြတယ်လို့ မှတ်လိုက်ကြ။”

“မှန်ပါဘုရား”



- ရူပက္ခန္ဓာကို ရှုလိုက်တဲ့အခါမှာ ရူပက္ခန္ဓာကလည်း ဖြစ်ပျက်။
- ဝေဒနာက္ခန္ဓာကို ရှုလိုက်တဲ့အခါမှာ ဝေဒနာက္ခန္ဓာကလည်း ဖြစ်ပျက်။
- သညာက္ခန္ဓာကို ရှုလိုက်တဲ့အခါ သညာက္ခန္ဓာကလည်း ဖြစ်ပျက်။
- သင်္ခါရက္ခန္ဓာကို ရှုလိုက်တဲ့အခါမှာ သင်္ခါရက္ခန္ဓာကလည်း ဖြစ်ပျက်။
- ဝိညာဏက္ခန္ဓာကို ရှုလိုက်တဲ့အခါမှာ ဝိညာဏက္ခန္ဓာကလည်း ဖြစ်ပျက်။ သာမညလက္ခဏာမှာ မတူကြဘူးလား။

“တူကြပါတယ်ဘုရား”

## ခန္ဓာရှုလျှင် လက္ခဏာမြင်

“သာမညလက္ခဏာမှာကျတော့ တူကြတယ်။ ယောဂီတွေ ခန္ဓာကိုယ်မှာ သတိကပ်၊ ဝီရိယစိုက်ပြီး အာရုံတစ်ပါး စိတ်မသွားဘဲနဲ့ တရားကို နာပါ။ ဒီကနေ့ ဝိပဿနာ ရှုမှတ်နေတဲ့ အခါ ဘုန်းကြီးတို့ ဝိပဿနာအလုပ်ပေးဆိုတာက ဉာဏ်အလုပ်။ ဝိပဿနာအလုပ်ဆိုတာ သညာအလုပ်လား၊ ဉာဏ်အလုပ်လား”

“ဉာဏ်အလုပ်ပါဘုရား”

“တရားအားထုတ်ရာ၌ စာခံသည် မဟုတ်။ မိမိတို့၏ အမှတ်အသားဖြစ်သော သညာကသာ ခံနေတာ။ တရားတော်ကို ကြားနာ မှတ်သား သင်ယူရာ၌ သညာပြဋ္ဌာန်းတယ်။ သညာ ဦးစီးတယ်။ တရားအလုပ် အားထုတ်တဲ့အခါမှာ ပညာပြဋ္ဌာန်း

တယ်။ ပညာဦးစီးတယ်။ သညာဦးစီးသော အရာဌာနခွဲ သညာဦးစားပေး၍ ပညာဦးစီးသော အရာဌာနခွဲ ပညာဦးစားပေးလျက် ကျင့်သုံးရမယ်။

မိမိခန္ဓာကိုယ်တွင်း သမာဓိသွင်းပြီး မိမိခန္ဓာအရှိ ဉာဏ်နှင့်မှ မသိရင် ခန္ဓာငါးပါး မြင်ပါ့မလား။ ခန္ဓာငါးပါးမှ မမြင်ရင် ခန္ဓာငါးပါးရဲ့ သဘာဝလက္ခဏာ၊ သာမညလက္ခဏာတွေ မြင်ပါ့မလား။ မမြင်ဘူးတဲ့။ သဘာဝလက္ခဏာ၊ သာမညလက္ခဏာ မကွဲသမျှ မဂ်ဇောမကျ။ ကျနိုင်ပါ့မလား။”

“မကျနိုင်ပါဘုရား”

“သဘာဝလက္ခဏာ၊ သာမညလက္ခဏာ မကွဲသမျှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဘယ်တော့မှ မရ။ ဒါကြောင့် ဘုန်းကြီးတို့ ဒီကနေ့ ဝိပဿနာ ရှုနေ မှတ်နေတဲ့အခါမှာ ခန္ဓာငါးပါး မရှိဘူးလား။”

“ရှိပါတယ်ဘုရား”

“အာနာပါနဿတိကမ္မဋ္ဌာန်းကို ရှုနေတဲ့အခါမှာ အာနာပါန ရှုကွက်ကနေပြီးတော့ ဘုန်းကြီးတို့ ဝိပဿနာ ရှုကွက်ဖော်ပေးနေတာ။ ဒီကနေ့ ဝိပဿနာ ရှုနေ, မှတ်နေတဲ့အခါမှာ ခန္ဓာငါးပါး တခြားမှာ ရှိတာလား။ ခန္ဓာမှာ ရှိတာလား။”

“ခန္ဓာမှာ ရှိတာပါဘုရား”

“ဘာဖြစ်လို့ ရှိရှိနေတာလဲ။”



“ဖြစ်ဖြစ်နေလို့ ရှိနေတာပါဘုရား”

“ဘယ်တုန်းက ဖြစ်။”

“အခု ဖြစ်တာပါဘုရား”

“အခုဖြစ်တဲ့ ခန္ဓာငါးပါး အခုရှုတော့ မပျက်ဘူးလား”

“ပျက်ပါတယ်ဘုရား”

“ပုဂ္ဂိုလ်, သတ္တဝါတွေ ပျက်နေတာလား။ ခန္ဓာငါးပါး ပျက်နေတာလား။”

“ခန္ဓာငါးပါး ပျက်နေတာပါဘုရား”

“မြဲလို့ ပျက်တာလား။ မမြဲလို့ ပျက်တာလား။”

“မမြဲလို့ ပျက်တာပါဘုရား”

“မမြဲတာဟာ နိစ္စလား။ အနိစ္စလား။”

“အနိစ္စပါဘုရား”

“ဖြစ်တဲ့ ပျက်တဲ့သဘောတရားတွေ ခန္ဓာမှာ ပေါ်လာတဲ့အခါကျတော့ အနိစ္စဆိုတဲ့ သဘောလေး သိမလာဘူးလား။”

“သိလာပါတယ်ဘုရား”

“ခန္ဓာငါးပါးကိုမှ မရှုဘဲနဲ့ ဉာဏ်နဲ့ မမြင်ဘဲနဲ့ အနိစ္စ ပေါ်ပါ့မလား။”

“မပေါ်နိုင်ပါဘုရား”

“ခန္ဓာငါးပါးဖြစ်တယ်။ ခန္ဓာငါးပါး ပျက်တယ်။ ဖြစ်တဲ့

သဘောတရားလေးကလည်း ဆင်းရဲတဲ့သဘောတရား။ ပျက်တဲ့ သဘောတရားလေးကလည်း ဆင်းရဲတဲ့သဘောတရား။ အဖြစ်က နှိပ်စက်လိုက်။ အပျက်က နှိပ်စက်လိုက်။ ဟုတ်ရဲ့လား။"

"ဟုတ်ပါတယ်ဘုရား"

"**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ။** (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

**ဥပ္ပဇ္ဇမာနံ**- ဖြစ်လာတယ်ဆိုရင်ဖြင့်၊ **ဒုက္ခမေဝ**- ဆင်းရဲတဲ့တရားသာလျှင်၊ **ဥပ္ပဇ္ဇတိ**-ဖြစ်၏။

"တခြားဖြစ်လို့ ဆင်းရဲတာလား။ ခန္ဓာငါးပါး ဖြစ်လို့ ဆင်းရဲတာလား။"

"ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာပါဘုရား"

"လူဖြစ်လို့ ဆင်းရဲတာလား။ ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာလား။ ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာ။ ဆင်းရဲတယ်ဆိုတာ တခြားခေါ်တာလား။ ဒုက္ခခေါ်တာလား။"

"ဒုက္ခခေါ်တာပါဘုရား"

"ဆင်းရဲတဲ့သဘောကို မြင်နေတာ ငါက မြင်တာလား။ ဉာဏ်က မြင်တာလား။"

"ဉာဏ်က မြင်တာပါဘုရား"

"တခြားရှုလို့ မြင်တာလား။ ခန္ဓာငါးပါး ရှုလို့ မြင်တာလား။"

"ခန္ဓာငါးပါး ရှုလို့ မြင်တာပါဘုရား"



"ခန္ဓာငါးပါး ရှုတော့ တခြား ပေါ်တာလား။ ဒုက္ခလက္ခဏာ ပေါ်တာလား။"

"ဒုက္ခလက္ခဏာ ပေါ်တာပါဘုရား"

"ဖြစ်တဲ့သဘောတရားကို မဖြစ်ပါနဲ့။ ပျက်တဲ့သဘောတရားကို မပျက်ပါနဲ့လို့ တားလို့ရရဲ့လား။"

"တားလို့ မရပါဘုရား"

"ဖြစ်တာကလည်း သူ့သဘော၊ ပျက်တာကလည်း သူ့သဘော။ ငါ့သဘောလား။ သူ့သဘောလား။"

"သူ့သဘောပါဘုရား"

"အတ္တလား။ အနတ္တလား။"

"အနတ္တပါဘုရား"

"ခန္ဓာငါးပါး ရှုလိုက်တော့ တခြားပေါ်တာလား။ အနတ္တ ပေါ်တာလား။"

"အနတ္တပေါ်တာပါဘုရား"

"ခန္ဓာငါးပါးကို ငါနဲ့ ရှုလို့ ပေါ်တာလား။ ဉာဏ်နဲ့ ရှုလို့ ပေါ်တာလား။"

"ဉာဏ်နဲ့ ရှုလို့ ပေါ်တာပါဘုရား"

"ဉာဏ်နဲ့ ရှုလိုက်တော့ တခြားပေါ်တာလား။ အနတ္တလက္ခဏာ ပေါ်တာလား။"

"အနတ္တလက္ခဏာ ပေါ်တာပါဘုရား"

"ခန္ဓာငါးပါးကို ရှုလိုက်တဲ့အခါမှာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ပေါ်မလာဘူးလား။"

"ပေါ်လာပါတယ်ဘုရား"

"ခန္ဓာငါးပါးကို ဝိပဿနာ မရှုဘဲနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်ပါ့မလား။"

"မပေါ်ပါဘုရား"

"ခန္ဓာငါးပါးကို ဉာဏ်နဲ့မှ မရှုဘဲနဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ပေါ်လာပါ့မလား။"

"မပေါ်နိုင်ပါဘုရား"

"အရှုခံက ခန္ဓာငါးပါး၊ ခန္ဓာငါးပါးကို ဉာဏ်နဲ့ ရှုလိုက်တော့ ပေါ်တာက အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ မပေါ်လာဘူးလား။"

"ပေါ်လာပါတယ်ဘုရား"

### သင်္ခါရလက္ခဏာ၊ ဉာဏ်သိလက္ခဏာ

"လက္ခဏာ ၃-ပါးကို အပြောနဲ့ ပေါ်တာလား။ လုပ်ငန်းသဘောနဲ့ ပေါ်တာလား။"

"လုပ်ငန်းသဘောနဲ့ ပေါ်တာပါဘုရား။"

"ပြောနေရုံ၊ ရွတ်နေရုံနဲ့ ပေါ်ပါ့မလား။"

"မပေါ်နိုင်ပါဘုရား"



"ဒါကြောင့် မဇ္ဈိမနိကာယ် အဋ္ဌကထာဆရာက ဘာပြလဲဆိုတော့ **အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ ဉာတပရိညာယ အဘိဇာနာတိ**"

**အနိစ္စံ ဒုက္ခံ အနတ္တာတိ**- အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည်ကား၊ **ဉာတပရိညာယ**- ဉာတပရိညာဖြင့်၊ **အဘိဇာနာတိ**- ထိုးထွင်း၍ သိရ၏။

**န ဝဒတိ**- နှုတ်ဖြင့် ရွတ်ဆိုနေရသည် မဟုတ်၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သော တရားဖြစ်သည်။ **ဉာတ**-က ဉာဏ်၊ **ပရိညာ**-က ပိုင်းခြားတာ။ ဉာဏ်နဲ့ ပိုင်းခြားပြီးတော့ သိတာ၊ ဘာ ပရိညာလဲလို့ဆိုတော့ '**ဉာတပရိညာ**'။

**တီရဏ**ဆိုတာက သုံးပါး၊ **ပရိညာ**က ပိုင်းခြားတာ။ ဘာကို ပိုင်းခြား သိတာလဲဆိုတော့ အနိစ္စကို ပိုင်းခြား သိတာ။ ဒုက္ခကို ပိုင်းခြား သိတာ၊ အနတ္တကို ပိုင်းခြား သိတာ။ ဖြစ်ဆဲရုပ်နာမ်တို့၏ မမြဲ၊ ဆင်းရဲ၊ အစိုးမရဟု ပိုင်းခြား၍ သိခြင်းသည် '**တီရဏပရိညာ**'။ ဖြစ်ဆဲ ရုပ်နာမ်ဆိုတာ ဖြစ်ပြီးလည်း မဟုတ်၊ ဖြစ်လတ္တံ့လည်း မဟုတ်၊ ဖြစ်ခိုက်-ဖြစ်တုန်း-ဖြစ်ဆဲရုပ်နာမ်ကို ခေါ်ပါတယ်။

"ဖြစ်ဆဲရုပ်နာမ်၏ မမြဲသော အနိစ္စ၊ ဆင်းရဲနှိပ်စက်တတ်သော ဒုက္ခ၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တဟု ရှုသိနေခြင်းသည် ဝိပဿနာအစစ်အမှန် ဖြစ်တယ်။ ဖြစ်ဆဲရုပ်နာမ်ကို မရှုက အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစစ်အမှန်ကို မမြင်နိုင်ဘူး။ ပရ

မတ်အစစ်အမှန်ဖြစ်တဲ့ ရုပ်နာမ်ကို မြင်မှသာလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ်ကို ဉာဏ်နဲ့ မြင်နိုင်တယ်။ ဖြစ်ဆဲ ရုပ်နာမ်ပရမတ် သဘောကို ရှုသိနေတဲ့အခါ တခြား မြင်တာလား။ အနိစ္စ မြင်တာလား။"

"အနိစ္စ မြင်တာပါဘုရား"

"ငါမြင် အနိစ္စလား။ ဉာဏ်မြင် အနိစ္စလား။"

"ဉာဏ်မြင် အနိစ္စပါဘုရား"

"ငါတွေ့ ဒုက္ခလား။ ဉာဏ်တွေ့ ဒုက္ခလား။"

"ဉာဏ်တွေ့ ဒုက္ခပါဘုရား"

"ငါသိ အနတ္တလား။ ဉာဏ်သိ အနတ္တလား။"

"ဉာဏ်သိ အနတ္တပါဘုရား"

"ဉာဏ်နဲ့ ရှုမှတ်လို့သိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဉာဏ်နဲ့ ရှုမှတ်လို့သိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်ရင် နိဗ္ဗာန် မဝင်နိုင်ဘူးလား။"

"ဝင်နိုင်ပါတယ်ဘုရား"

"မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူးလား။"

"ရနိုင်ပါတယ်ဘုရား"

"ဒါဖြင့် ပါးစပ် အနိစ္စ၊ သင်သိ အနိစ္စ၊ နာသိ အနိစ္စ၊ တွေးသိ အနိစ္စနဲ့တော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါ့မလား"

"မရနိုင်ပါဘုရား"



"မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရောက်ချင် ရချင်ရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ်ကို ဉာဏ်နဲ့ တွေ့အောင် ရှာပါ။ စာအုပ်ထဲမှာ ရှာရမှာလား။ ခန္ဓာထဲမှာ ရှာရမှာလား။"

"ခန္ဓာထဲမှာ ရှာရမှာပါဘုရား"

"စာအုပ်ထဲ ရှာရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ် တွေ့ပါ့မလား။"

"မတွေ့ပါဘုရား"

"အစစ်မတွေ့ပေမယ့် ရှုနည်း၊ မှတ်နည်းတော့ တွေ့မယ်။ ရှုနည်း၊ မှတ်နည်းတွေကို သင်နေမယ်၊ နာနေမယ်၊ ဖတ်နေမယ်။ ပါးစပ်က အော်ရွတ်နေမယ်ဆိုရင် ထန်းလျက်စားကြည့်ရင် ချိုတယ်၊ ချိုတယ်လို့ ပြောနေတာနဲ့ တူတယ်။ တကယ် စားကြည့်လို့ ချိုတယ်ဆိုတဲ့ အရသာနဲ့တော့ တူနိုင်ပါ့မလား။"

"မတူနိုင်ပါဘုရား"

"ရုပ်သဘောက ဘယ်လို၊ နာမ်သဘောက ဘယ်လို၊ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘယ်လို စသည်ဖြင့် ပြောနေတာ၊ ဟောနေတာ၊ ကြားနေတာဟာ ထန်းလျက်စားကြည့်ရင် ချိုတယ်၊ ချိုတယ်လို့ ပြောနေတာနဲ့ မတူဘူးလား။"

"တူပါတယ်ဘုရား"

"ပရိယတ်က ပြောတဲ့ ဟောတဲ့အတိုင်း ပဋိပတ်လုပ်ငန်း

သဘောနဲ့ ကိုယ်တိုင်ကိုယ်ကျ ရှုမှတ်ကြည့်လိုက်ရင် ကိုယ်တိုင်ကိုယ်ကျ စားကြည့်တာနဲ့ မတူဘူးလား။"

"တူပါတယ်ဘုရား"

"စားကြည့်တော့ တကယ်ချိုတဲ့ အရသာကို ကိုယ်တိုင် မသိနိုင်ဘူးလား။"

"သိနိုင်ပါတယ်ဘုရား"

"အဲဒီဥပမာအတိုင်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ်ကို သိချင်ရင် ကိုယ်တိုင်ကိုယ်ကျ ဝိပဿနာအလုပ်ကို ရှုမှတ် ပွားများအားထုတ်ကြည့်ပါ။ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ကြည့်တော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိ တစ်ထပ်တည်း ဖြစ်မနေဘူးလား။ သူများ မေးနေစရာ လိုသေးလား။"

"မလိုပါဘုရား"

## ပရိယတ်နှင့်ကင်း၍ ပဋိပတ် မဖြစ်နိုင်

"မိမိခန္ဓာ အရှိ၊ မိမိဉာဏ်နဲ့ ကြည့်လိုက်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ် မတွေ့ဘူးလား။"

"တွေ့ပါတယ်ဘုရား"

"ဒါကြောင့် အပြောက ပရိယတ်၊ လုပ်ငန်းသဘောက ပဋိပတ်၊ ပရိယတ်နှင့်ကင်း၍ ပဋိပတ်လမ်းမှန် မရောက်နိုင်။ ပဋိပတ် ရှုနည်း မှတ်နည်း မမှန်ရင် ပဋိဝေဓ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မပေါ်နိုင်။ ပေါ်နိုင်ပါ့မလား။"



"မပေါ်နိုင်ပါဘုရား"

"ယောဂီတွေအားလုံး လိုက်ဆိုကြပါ။

**(၁) စာပေသင်ကြား၊ မှတ်သားကြည့်ရှု၊ သဘောစု ခေါ်မှု 'ပရိယတ်'။**

**(၂) နာယူဆွေးနွေး၊ မေးမြန်းဖြေကြား၊ သဘောများ တရား 'ပရိယတ်'။**

**(၃) သီလ၊ သမာဓိ၊ ပညာ ပေါင်းသုံးဖြာ မှတ်ပါ 'ပဋိပတ်'။**

**(၄) မဂ် ဖိုလ် နိဗ္ဗာန်၊ ဈာန်အဘိညာဉ်၊ ရခဲ့လျှင် ခေါ်တွင် 'ပဋိဝေဓ'။**

ပရိယတ်နှင့်ကင်း၍ ပဋိပတ်လမ်း မမှန်နိုင်။ ပဋိပတ်နှင့်ကင်း၍ ပဋိဝေဓ မပေါ်နိုင်။ ပဋိဝေဓ မပေါ်လာလျှင် အရိယာ မဖြစ်နိုင်။ ဘုန်းကြီးတို့ ယောဂီတွေ ဖြစ်နိုင်ပါ့မလား။"

"မဖြစ်နိုင်ပါဘုရား"

ဒါကြောင့် ပရိယတ်သည် ပဋိပတ်၏အကြောင်း၊ ပဋိပတ်သည် ပဋိဝေဓ၏အကြောင်း၊ ပဋိဝေဓသည် အရိယာဖြစ်ခြင်း၏အကြောင်း၊ အကြောင်းအကျိုး ဆက်စပ်၍ သိပါ။ ပရိယတ်ဆိုတာ သင်လမ်း၊ သိလမ်း၊ သင်စခန်း၊ သိစခန်းလို့ မှတ်ပါ။ ပဋိပတ်ဆိုတာ ကျင့်လမ်း၊ ကျင့်စခန်း။ ပဋိဝေဓဆိုတာ ကျင့်လမ်းဆုံး၊ ကျင့်စခန်းဆုံးလို့ သိထားကြပါ။"

**"သင်မှ 'သိ'၊ သိမှ 'ကျင့်'၊ ကျင့်မှ 'ရ'၊**
**တရားသဘာဝ၊ နက်နက်နဲနဲ စဉ်းစားကြ"**

"ယောဂီတို့အားလုံး စဉ်းစားကြပါ။ စာပေမရှိရင်၊ စာပေ မသင်ရင်၊ ရှုနည်း မှတ်နည်းတွေ မသိနိုင်ပါ။ မသိရင် ကျင့်စဉ် လမ်းလွဲ၊ လမ်းလွဲရင် အကျင့်ဖောက်ပြန်၊ အကျင့်ဖောက်ပြန်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်။ ရောက်နိုင်ပါ့မလား။"

"မရောက်နိုင်ပါဘုရား"

"အားလုံး လိုက်ဆိုကြပါ။

(၁) **သင်၊ ကျင့်၊ ရလမ်း၊ သုံးစခန်း၊ မှတ်စမ်း သာသနာ။**

(၂) **ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ အစဉ်ပြ မှတ်ကြ သာသနာ။**

(၃) **အစဉ်ကိုဖျက်၊ ခုန်ကျော်တက်၊ မဂ်ဉာဏ်မပေါ်လာ။** ပေါ်လာနိုင်ပါ့မလား။"

"မပေါ်နိုင်ပါဘုရား"

"လောကီနယ်မှာ ခုန်ကျော်တက်တဲ့ ဖြတ်လမ်းရှိတယ်။ လောကုတ္တရာနယ်မှာတော့ ဖြတ်လမ်း မရှိပါ။"

"ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သာသနာတော်မြတ် ၃-ပါးရှိရာ မိမိတို့ ဆုတောင်းပါရမီ အားလျော်စွာ အလိုဆန္ဒ အတိုင်းသာ နှစ်သက်ရာ သာသနာကို အားထုတ် ဆောင်ရွက် ကြတာ။

ပရိယတ်သာသနာကို အားထုတ်ဆောင်ရွက်သူက ပဋိပတ် သာသနာအတွက် ကြိုးစားသူတို့ကို အပြစ် မရှုသင့်။ ပဋိပတ်



သာသနာကို ကြိုးစားသူကလည်း ပရိယတ်သာသနာ တိုးတက် အောင် အားထုတ် ဆောင်ရွက်နေသူကို သံသရာရှည်သော ကိစ္စ အလုပ်ဟု အပြစ်ရှုကာ စကားနာတစ်မျိုးနှင့် သာသနာညှိုးအောင် မချိုးဖဲ့သင့်။ ဗုဒ္ဓဘုရားရှင်သည် မိမိတို့ ပါရမီအားလျော်စွာ နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် ချမ်းသာတရား တိုးပွားစေရန် ရည်သန်တော်မူ၍ သာသနာတော်မြတ်သုံးပါးကို တည်ထောင် မိန့်ကြားထားတော်မူခဲ့ပေတယ်။

ဒါနပြုသူကို စိတ်တွန့်အောင်လည်းကောင်း၊ သီလ စောင့် ထိန်းသူကို စိတ်ပျက်အောင်လည်းကောင်း၊ သမထ၊ ဝိပဿနာ ရှုမှတ်ပွားများ အားထုတ်နေသူတို့ကိုလည်းကောင်း ပျက်စီးအောင် မကြံ၊ မပြော၊ မပြုကြနဲ့။ သတိပညာ ရှိကြပါစေ။"

## ရှုကွက်မှားလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်မမြင်

"ဒီကနေ့ ပရိယတ်က ပြောတဲ့ ဟောတဲ့အတိုင်း ပဋိပတ် ဆိုတဲ့ လုပ်ငန်းသဘောနဲ့ ခန္ဓာကိုယ်တွင်း သမာဓိသွင်းပြီး ခန္ဓာ အရှိ မိမိဉာဏ်နဲ့ ကြည့်လိုက်တော့ တခြားမြင်တာလား။ ခန္ဓာ ငါးပါး မြင်တာလား။"

"ခန္ဓာငါးပါး မြင်တာပါဘုရား"

"ခန္ဓာငါးပါး မြင်တာ ငါက မြင်တာလား။ ဉာဏ်က မြင်တာလား။"

"ဉာဏ်က မြင်တာပါဘုရား"

"ဉာဏ်မြင် ခန္ဓာလား။ မျက်မြင်ခန္ဓာလား။"

"ဉာဏ်မြင်ခန္ဓာပါဘုရား"

"ဉာဏ်မြင်ခန္ဓာကို ရှုလိုက်တော့ တခြားပေါ်တာလား။ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါး ပေါ်တာလား။"

"လက္ခဏာရေး သုံးပါး ပေါ်တာပါဘုရား"

"ခန္ဓာငါးပါးမှ မရှုရင် အနိစ္စလက္ခဏာ ပေါ်ပါ့မလား"

"ဒုက္ခလက္ခဏာ ပေါ်ပါ့မလား။ အနတ္တလက္ခဏာ ပေါ်ပါ့မလား။"

"မပေါ်ပါဘုရား"

"ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာ တရားဆိုတာ နာရုံ၊ သိရုံနဲ့ ကိစ္စပြီးပါ့မလား။"

"မပြီးပါဘုရား"

"ခန္ဓာမှာ သတိကပ်ပြီး မိမိခန္ဓာအရှိ မိမိဉာဏ်နဲ့ ရှုလိုက်တဲ့အခါမှာ ခန္ဓာငါးပါးက အရှုခံတရား၊ ခန္ဓာငါးပါးကို ရှုလိုက်တော့ ပေါ်လာတာက ဖြစ်ပျက်။"

"မှန်ပါဘုရား"

"အဲဒီ ဖြစ်တယ် ပျက်တယ်ဆိုတဲ့ သဘောတရားကို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဝိဇ္ဇမာနပညတ်အားဖြင့် ဟောတော်မူတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ယောဂီအပေါင်း သင်သူတော်ကောင်းတို့ အနိစ္စရယ်၊ လက္ခဏာရယ်။ လက္ခဏာရယ်၊ လက္ခဏာဝန္တရယ် ပိုင်းပိုင်းခြားခြားမှ မသိရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူး။ **လက္ခဏာဆိုတာ**က မှတ်ကြောင်းတရား။ မှတ်စရာလေးရဲ့ တည်ရာက လက္ခဏာဝန္တ၊ **လက္ခဏာဝန္တဆိုတာ**က ခန္ဓာငါးပါး။ **လက္ခဏာဆိုတာ**က ဖြစ်ပျက်။



ခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်တော့ ရူပက္ခန္ဓာက- ရုပ်တရား၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့က နာမက္ခန္ဓာ- နာမ်တရားလေးပါး။ အကျဉ်းချုံးလိုက်တော့ ရုပ်တရား, နာမ်တရား။ ခန္ဓာမှာ ရှုလိုက်တဲ့အခါ ရုပ်တရား၊ နာမ်တရား။ ရုပ်နာမ်က- အနိစ္စ၊ ရုပ်နာမ်က- ဒုက္ခ၊ ရုပ်နာမ်က- အနတ္တ။ ဖြစ်ပျက်လက္ခဏာ။"

"မှန်ပါဘုရား။"

"အနိစ္စဆိုတာက - ရုပ်နာမ်။
ဒုက္ခဆိုတာက - ရုပ်နာမ်။
အနတ္တဆိုတာက - ရုပ်နာမ်။
ဖြစ်ပျက်ဆိုတာက - လက္ခဏာ။

ဖြစ်ပျက်တဲ့လက္ခဏာရဲ့ တည်ရာဖြစ်တဲ့ လက္ခဏာဝန္တက ရုပ်နာမ်။ အနိစ္စနဲ့ လက္ခဏာ ကွဲပါစေ။ အနိစ္စသည် လက္ခဏာ မဟုတ်။ လက္ခဏာသည် အနိစ္စမဟုတ်။ ကွဲကွဲပြားပြား သိပါစေ။

ဒီကနေ့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ အနိစ္စ အမြဲမရှိ။ ဒုက္ခ ဆင်းရဲခြင်း၊ အနတ္တ အစိုးမရ။ ရှုနေ မှတ်နေပေမယ့် တရားကိုယ် တရားသားဖြစ်တဲ့ ရုပ်နာမ်ဆိုတဲ့ ပရမတ္ထသဘာဝပေါ်မှာ ဉာဏ်မရောက်တော့ တရားရှုကွက်မှားနေသည့်အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ပါ။ တရားကိုယ် တရားသားဖြစ်တဲ့ ရုပ်နာမ်ရဲ့ ပရမတ္ထသဘာဝကို ဉာဏ်နဲ့ အမှန်မြင် အမှန်မသိဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက်လို့ ဆိုနေရုံနဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ပါ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ မရှုရမယ့်တရားကို သွားပြီး အရှုမှားနေလို့။ တရားရှုကွက် မှားနေတဲ့အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်။

"အနိစ္စဆိုတာက - ရုပ်နာမ်။
ဒုက္ခဆိုတာက - ရုပ်နာမ်။
အနတ္တဆိုတာက - ရုပ်နာမ်။
ဖြစ်ပျက်ဆိုတာက - လက္ခဏာ။

အရှုခံက ရုပ်နာမ်၊ ရှုတာက ဉာဏ်၊ ပေါ်တာက ဖြစ်ပျက်၊ ရုပ်နာမ်ကိုမှ မရှုဘဲနဲ့ ဖြစ်ပျက်ပေါ်ပါ့မလား။"

"မပေါ်ပါဘုရား"

**အရှုခံ–ရုပ်နာမ်၊ ရှုတာက–ဉာဏ်၊ ပေါ်တာ–ဖြစ်ပျက်**

ဖြစ်တယ်,ပျက်တယ်ဆိုတာ သင်္ခတရုပ်နာမ်တရားတွေရဲ့ လက္ခဏာပဲ။ လက္ခဏာဆိုတာ အထည်ကိုယ်သဘောကို သိပြီးမှ ရှုမြင်နိုင်ပါတယ်။ ဥပမာအားဖြင့်– နွား၏အမွေး၊ ဦးချို အစရှိတဲ့ လက္ခဏာဟာ နွားကောင်ကြီးကို မြင်ပြီးမှသာ သိနိုင်ပါတယ်။ နွားကို မမြင်သေးဘဲနဲ့ အမွေးနီတယ်။ ဖြူတယ်။ ဦးချို ထောင်တယ်၊ ကုတ်တယ် အစရှိတဲ့ လက္ခဏာတွေကို သိနိုင်ပါ့မလား။"



"မသိနိုင်ပါဘုရား"

"အဲဒီလို ပစ္စုပ္ပန် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေရဲ့ အထည်ကိုယ်သဘောကို ရှေးဦးစွာ ရှုမှတ်ပြီး သိဖို့လိုပါတယ်။ ဖြစ်ဆဲရုပ်နာမ်သဘောကို မြင်သိပြီးမှ ဖြစ်ပေါ်လာတာ၊ ပျောက်ပျက်သွားတာကို သိမြင်နိုင်ပါတယ်။ ပေါ်လာသမျှကို ရှုသိရုံမျှ သိနေရင် ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို တွေ့ရပါတယ်။

ရှုသိရတဲ့အာရုံတွေလည်း တရိပ်ရိပ်နဲ့ ဖြစ်ပြီး ချက်ချင်းပျောက်ပျက်သွားတာကို တွေ့ရပါတယ်။ ရှုသိ နှလုံးသွင်းတဲ့ စိတ်လည်း ဖြစ်ပြီး ပျောက်ပျက်သွားတာ တွေ့ရပါတယ်။ မတွေးမကြံရဘဲ ရှုသိနေရုံမျှနဲ့ ဖြစ်ပေါ်လာပြီး ပျောက် ပျောက်သွားတာကို တွေ့သိတာ ဖြစ်ပျက်ဉာဏ်ပဲ။ ဖြစ်ပျက်ကို အမှန်အတိုင်း သိနေတာ ငါက သိတာလား။ ဉာဏ်က သိတာလား။"

"ဉာဏ်က သိတာပါဘုရား"

"လူ ပုဂ္ဂိုလ် သတ္တဝါက သိတာလား။ ဉာဏ်က သိတာလား။"

"ဉာဏ်က သိတာပါဘုရား"

"ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ရုပ်နာမ်ကို မရှုဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက်လို့ ပါးစပ်က ဆိုနေရုံနဲ့ အမှန်အတိုင်း သိပါ့မလား။"

"မသိပါဘုရား"

"ဖြစ်ပျက်ကိုမှ ဉာဏ်နဲ့ မမြင် မသိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား။"

"မရနိုင်ပါဘုရား"

"ဒါဖြင့် အရှုခံက ရုပ်နာမ်၊ ရှုတာက ဉာဏ်၊ ပေါ်တာက ဖြစ်ပျက်၊ ရှင်းပြီလား။"

"ရှင်းပါတယ်ဘုရား"

"ခန္ဓာမှာ သတိကပ်၊ ဝီရိယစိုက်ပြီး ရှုသိနေတဲ့အခါမှာ ကိုယ့်ခန္ဓာကိုယ်တွင်း သမာဓိသွင်းပြီး ခန္ဓာအရှိ ဉာဏ်နဲ့ စိုက်ကြည့်လိုက်တဲ့အခါ ခန္ဓာက ပေါ်ပြနေတာက ရုပ်နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို ရှုတာက 'ဉာဏ်'။ ဉာဏ်နဲ့ ရှုလိုက်တော့ တခြားပေါ်တာလား။ ဖြစ်ပျက်ပေါ်တာလား။"

"ဖြစ်ပျက်ပေါ်တာပါဘုရား"

"ရုပ်နာမ်ကို ရှုလိုက်တဲ့အခါမှာ ရှုတာက တခြား၊ ပေါ်တာက တခြား၊ ဟုတ်တယ် မဟုတ်လား။



ဒီနေရာမှာ ဘုန်းကြီး ဥပမာအားဖြင့် ပြောရရင် လသာတဲ့အခါမှာ ဖလားထဲ ရေထည့်ပြီး ကြည့်လိုက်ရင် ဘာပေါ်လာသလဲ။"

"လပေါ်ပါတယ်ဘုရား"

"ကြည့်တာကတခြား၊ ပေါ်တာကတခြား၊ ရေပြည့်နေတဲ့ ရေဖလားနဲ့တူတဲ့ သင်္ခတရုပ်နာမ်ကို ကြည့်တော့ လရိပ်နဲ့တူတဲ့ ဖြစ်ပျက်ဆိုတဲ့ လက္ခဏာ ပေါ်မလာဘူးလား။"

"ပေါ်လာပါတယ်ဘုရား"

"အရှုခံက ရုပ်နာမ်၊
ရှုတာက ဉာဏ်၊
ပေါ်တာက ဖြစ်ပျက်၊
ရုပ်နာမ်ကို မရှုဘဲနဲ့ ဖြစ်ပျက် မြင်ပါ့မလား။"

"မမြင်နိုင်ပါဘုရား"

"ဖြစ်ပျက်မမြင်ဘဲနဲ့ ဖြစ်ပျက် ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား။"

"မရောက်နိုင်ပါဘုရား"

"အိုနာသေဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား"

"မရောက်နိုင်ပါဘုရား"

## ရုပ်နာမ်မမြင်ခဲ့လို့ သံသရာလည်ခဲ့ပြီ

“ပရမတ်ရုပ်နာမ် ဖြစ်ပျက်ကို မမြင်ခဲ့လို့ အိုခဲ့ နာခဲ့၊ သေခဲ့ဖူးလေပြီ။ ယခုလည်း မွေးဆဲ၊ အိုဆဲ၊ နာဆဲ၊ သေဆဲ။ နောင်ကိုလည်း မွေးရလိမ့်ဦးမယ်။ နာရလိမ့်ဦးမယ်။ သေရလိမ့်ဦးမယ်။ ကိုယ်ဆင်းရဲဒုက္ခ၊ စိတ်ဆင်းရဲဒုက္ခ၊ ချစ်သောသူနဲ့ ကွေကွင်းရသော ဒုက္ခ၊ မုန်းသောသူတို့နှင့် အတူတကွ နေရခြင်း ဒုက္ခ၊ လိုချင်တာ မရတဲ့ဒုက္ခတွေ ရုပ်နာမ် ဖြစ်ပျက် မမြင်ခဲ့လို့ တွေ့ခဲ့ ကြုံခဲ့ဖူးလေပြီ။ ယခုလည်း တွေ့ဆဲ၊ နောင်ကိုလည်း တွေ့ရလိမ့်ဦးမယ်။

ရုပ်နာမ် ဖြစ်ပျက်မမြင်ခဲ့လို့ အပါယ်ကျပေါင်း များလှပြီ။ တိရစ္ဆာန်မျိုးစုံ ဖြစ်ခဲ့ပြီ။ ပြိတ္တာမျိုးစုံ၊ အသူရကာယ်မျိုးစုံ ဖြစ်ခဲ့ဖူးပြီ။ နောင်ကိုလည်း နိဗ္ဗာန်မရောက်မချင်း ဇကန် တွေ့ရလိမ့်ဦးမယ်။ ရုပ်နာမ်ဖြစ်ပျက် မသိမမြင်သမျှ ဘယ်တော့မှ ဘုရား မဖြစ်။ ပစ္စေကဗုဒ္ဓါ မဖြစ်၊ ရဟန္တာ မဖြစ်၊ အနာဂါမ် မဖြစ်၊ သကဒါဂါမ် မဖြစ်၊ သောတာပန် မဖြစ်။ ပရမတ် ရုပ်နာမ် ဖြစ်ပျက်ကို ဉာဏ်နဲ့ မမြင် မသိခဲ့လို့ အောက်သံသရာ၊ အလယ် သံသရာ၊ အထက်သံသရာဆိုတဲ့ သံသရာသုံးကြောင်း သုံးသွယ် လည်ခဲ့ဖူးလေပြီ။ မလည်ခဲ့ဘူးလား။”

“လည်ခဲ့ပါတယ်ဘုရား”

“အောက်သံသရာကို ဘာကြောင့်လည်း။ လောဘစိတ်ကြောင့် လည်း။ လောဘစိတ်ကို မနိုင်တော့ လောဘခိုင်းတိုင်း အကုသိုလ်တွေလုပ်။ လုပ်တော့ ပြိတ္တာအပါယ်ဆင်းရဲ ရောက်ကုန်ရော။ ဒေါသစိတ်ကို မနိုင်တော့ ဒေါသခိုင်းတိုင်း အကုသိုလ်တွေလုပ်။ လုပ်တော့ အပါယ်ငရဲရောက်။ မောဟစိတ်တွေကို မနိုင်တော့ မောဟခိုင်းတိုင်း အကုသိုလ်တွေလုပ်။ လုပ်တော့ တိရစ္ဆာန်အပါယ်ဆင်းရဲ ရောက်ကုန်ရော။ အပါယ်ဆင်းရဲ မရောက်ဘူးလား။”



“ရောက်ပါတယ်ဘုရား”

“လောဘစိတ်ကို နိုင်ရင်- အလောဘ ကုသိုလ်စိတ်ဖြစ်။
ဒေါသစိတ်ကို နိုင်ရင်- အဒေါသ ကုသိုလ်စိတ်ဖြစ်။
မောဟစိတ်ကို နိုင်ရင်- အမောဟ ကုသိုလ်စိတ်ဖြစ်
တယ်။

အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်စိတ်တွေ ဖြစ်ရင် မသေခင် ပစ္စုပ္ပန်ဘဝမှာ လူချီးမွမ်းခံရလို့ ချမ်းသာတယ်။ သေပြန်တော့လည်း လူ, နတ်, ဗြဟ္မာဟူဘိ သုဂတိချမ်းသာကို ရောက်ရှိ ခံစားရတယ်။ ဒါကြောင့် ဘုရားရှင်က ဓမ္မပဒပါဠိတော်မှာ-

“**အဓမ္မော နိရယံနေတိ၊ ဓမ္မော ပါပေတိ သုဂတိံ**”လို့ ဟောတော်မူပါတယ်။

**အဓမ္မော**- အကုသိုလ်ဆိုတဲ့တရားသည်၊ **နိရယံ**- ငရဲသို့၊ **နေတိ**- ဆောင်တတ်၏၊ **ဓမ္မော**- ကုသိုလ်ကံဆိုတဲ့တရားသည်၊ **သုဂတိံ**- လူ,နတ်,ဗြဟ္မာဟူဘိ သုဂတိဘဝသို့၊ **ပါပေတိ**-

ကောင်းစွာမသေ့ ရောက်စေရစေပါပေသတည်း။

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

"အဓမ္မောလို့ ခေါ်တဲ့ အကုသိုလ်တရားက အပါယ်လေးပါးကို ဆောင်။ ဓမ္မောလို့ ခေါ်တဲ့ ကုသိုလ်တရားက သုဂတိဘဝကို ရောက်စေတတ်တယ်။

ဥပမာအားဖြင့်- ဘုန်းကြီးတို့ ယောဂီတွေကို ပြောရရင် လောကမှာ မိမိတို့ သွားလိုရာ ရောက်လိုရာအရပ်ဒေသသို့ လှည်း၊ လှေ၊ သင်္ဘော၊ ရထား၊ ကား၊ လေယာဉ်ပျံ စသည်တို့ဖြင့် မသွားဘူးလား။

"သွားပါတယ်ဘုရား"

ဒါကြောင့် '**ယာတိ ဂစ္ဆတိ အနေနာတိ ယာနံ**'' ဟူသော ဝိဂ္ဂဟနှင့်အညီ လိုရာအရပ်ဒေသသို့ ရောက်စေ ပို့စေတတ်သောကြောင့် ယာဉ်မည်တယ်။ လောကမှာ ယာဉ်အမျိုးမျိုးတွေ ရှိသလို နိဗ္ဗာန်မရောက်မီ မဆုံးသေးတဲ့ ဘဝသံသရာခရီးလမ်းကို လျှောက်လှမ်းသွားတဲ့အခါမှာလည်း ယာဉ်အမျိုးမျိုးတွေ ရှိတယ်။ အောက်သံသရာခရီးလမ်းမှ အပါယ်လေးပါး ဘုံဌာနသို့ ရောက်စေ ပို့စေတတ်တဲ့ ယာဉ်တွေက 'လောဘယာဉ်၊ ဒေါသယာဉ်၊ မောဟယာဉ်'။

အလယ်သံသရာခရီးလမ်းမှ လူ့ပြည်၊ နတ်ပြည် ဘုံဌာနသို့ ရောက်စေ ပို့စေတတ်တဲ့ ယာဉ်က 'သမထယာဉ်'။



အဲဒီယာဉ်တွေဟာ ၃၁-ဘုံ သံသရာနယ်အတွင်းမှာ စုန်ချည်၊ ဆန်ချည်၊ ပေါ်ချည်၊ မျောချည်၊ မြုပ်ချည်နဲ့ ရဟတ်ချားပမာ လည်ပတ် လှည့်လည် သယ်ယူ ပို့ဆောင်ပေးတဲ့ယာဉ်တွေ။

ဘုန်းကြီးတို့ ယောဂီတွေအားလုံး လိုက်ဆိုကြပါ။

*** လောဘယာဉ်စီး၊ ပါယ်ခရီး၊ ရောက်ပြီး ပြိတ္တာဘုံ။**

ပရမတ်ရုပ်နာမ် ဖြစ်ပျက်ကို ဉာဏ်နဲ့ မမြင် မသိခဲ့လို့ အပါယ်လေးပါး၊ ပြိတ္တာဘုံလည်း ရောက်ခဲ့ကြပြီ။ မရောက်ခဲ့ဘူးလား။"

"ရောက်ခဲ့ပါတယ်ဘုရား"

*** ဒေါသယာဉ်စီး၊ ပါယ်ခရီး၊ ရောက်ပြီး ငရဲဘုံ။**

ဒေါသယာဉ်စီးပြီး ငရဲဘုံလည်း ရောက်ခဲ့ကြပြီ။

*** မောဟယာဉ်စီး၊ ပါယ်ခရီး၊ ရောက်ပြီး တိရစ္ဆာန်ဘုံ။**

မောဟယာဉ်စီးပြီး တိရစ္ဆာန်ဘုံလည်း ရောက်ခဲ့ကြပြီ။ မရောက်ခဲ့ဘူးလား။"

"ရောက်ခဲ့ပါတယ်ဘုရား"

*** ဒါနယာဉ်စီး၊ အထင်ကြီး၊ ရောက်ပြီး နတ်ခြောက်ရွာ။**

*** သီလယာဉ်စီး၊ အထင်ကြီး၊ ရောက်ပြီး နတ်ခြောက်ရွာ။**

ဒါနယာဉ်၊ သီလယာဉ်တွေ စီးပြီး လူ့ပြည်၊ နတ်ပြည် ဘုံဌာနတွေကို ရောက်ခဲ့လို့ လူနတ် စည်းစိမ်ချမ်းသာကိုလည်း ခံစားခဲ့ဖူးပြီ။ မခံစားခဲ့ဘူးလား။"

"ခံစားခဲ့ပါတယ်ဘုရား"

*** သမထယာဉ်စီး၊ ဈာန်ခရီး၊ ရောက်ပြီး ဗြဟ္မာ့ဘုံ။**

သမထယာဉ်ကို စီးပြီး ဗြဟ္မာဘုံကိုလည်း ရောက်ခဲ့ကြပြီ။

ဘုန်းကြီးတို့ ယောဂီတွေ ငါတို့တော့ ဒါန၊ သီလ၊ သမထ ကုသိုလ်တွေ ရှိတယ်ဆိုပြီးတော့ ကိုယ့်ကိုယ်ကို အထင်မကြီး ကြနဲ့။ ဒါန၊ သီလ၊ သမထကုသိုလ် အရှိန်ကုန်ရင် အပါယ် လေးပါး ပြန်ရောက်နိုင်တယ်။ မရောက်နိုင်ဘူးလား။"

"ရောက်နိုင်ပါတယ်ဘုရား"

"ဒါကြောင့်-

**ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ**
**လူတွင်စကြာ၊ နတ်မှာသိကြား**
**မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း**
**ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက**
**ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။**

သက္ကာယဒိဋ္ဌိ မကွာသေးရင် လူ့ပြည်မှာ စကြဝတေးမင်း ကြီး ဖြစ်နေပေမယ့် ကုသိုလ်အရှိန်ကုန်ရင် အပါယ်လေးပါး ပြန်မသွားရဘူးလား။"

"ပြန်သွားရပါတယ်ဘုရား။"

"ဘာကြောင့် ပြန်သွားရသလဲဆိုတော့ သက္ကာယဒိဋ္ဌိ မကွာလို့တဲ့။ နတ်ပြည်မှာ သိကြားမင်းကြီး ဖြစ်နေရင်ကော အပါယ်လေးပါး ပြန်မသွားရဘူးလား။"



"ပြန်သွားရပါတယ်ဘုရား"

"မြေလျှိုး၊ မိုးပျံ၊ တန်ခိုးဈာန်ဖြင့် ဖြိုးလျှံနေတဲ့ ဗြဟ္မာမင်း ကြီး ဖြစ်နေလည်း ပြန်သွားရတာပဲ။ ဘာကြောင့်လဲဆိုတော့ ဒိဋ္ဌိ မကွာသေးလို့။ ဒါကြောင့် မဟာဝါပါဠိတော်မှာ ဗုဒ္ဓရှင်တော် ဘုရားက-

"**မဟာဇာနီယော ဝတ ဘော အာဠာရော၊**
**မဟာဇာနီယော ဝတ ဘော ဥဒကော၊**
**မဟာဇာနီယော ဝတ ဘော ဒေဝိဋ္ဌော**"လို့ ဟောတော် မူပါတယ်။

**ဘော**- အိုအချင်းတို့(ဝါ) သံသရာထွက်လမ်း အကျင့် စခန်းကို ရှုမှတ်ပွားများ အားထုတ်ကြသော မြတ်ယောဂီအပေါင်း သူတော်ကောင်းတို့၊

**အာဠာရော**- သမထဈာန်ယာဉ် စီးနေတဲ့ ကမ္ဘာ့ထိပ်သီး အာဠာရရသေ့ကြီးသည်လည်းကောင်း။

**ဥဒကော**- ကမ္ဘာ့ထိပ်သီး သမထဈာန်ယာဉ် စီးနေတဲ့ ဥဒကရသေ့ကြီးသည်လည်းကောင်း။

**ဒေဝိဋ္ဌော**- မြေလျှိုးမိုးပျံ တန်ခိုးဈာန်ဖြင့် ဖြိုးလျှံ၍နေ သော ဒေဝိဋ္ဌရသေ့ကြီးသည်လည်းကောင်း။

**မဟာဇာနီယော ဝတ**- အပါယ်မကင်း ဆင်းရဲမပြတ်

အကုသိုလ် မသတ်နိုင်ကြ၍ အရှုံးကြီးရှုံး၊ စုန်းစုန်းနစ်ကာ ရပ်ပြစ်ရွာသို့ ဝဲလှည့်၍သာ တချာချာနှင့် သွားရောက်ရာရလေတော့သတည်း။

“သာဓု..သာဓု..သာဓုပါဘုရား”

**မရှိတာကို အရှိထင်ပြီး လောကကြီး ပျော်နေတာ**

“ဈာန်ရရသေ့ကြီးတွေ မရှုံးဘူးလား။”

“ရှုံးပါတယ်ဘုရား”

“ဘာလို့ ရှုံးတာလည်းဆိုတော့ သက္ကာယဒိဋ္ဌိ မပြုတ်လို့ မကွာလို့။ သမာဓိကတော့ အလွန် အားကောင်းတယ်။ ဝိပဿနာ ဉာဏ်လိုနေတာ။ သက္ကာယဒိဋ္ဌိ မဖြုတ်တတ်ဘူး။ သမထတော့ ရသေ့ကြီးတွေ လုပ်တတ်တယ်။ သက္ကာယဒိဋ္ဌိ ပြုတ်ရေး ဖြုတ်ရေးနည်းလမ်းတွေ မသိကြဘူး။ သက္ကာယဒိဋ္ဌိ ဖြုတ်ဖို့ နည်းလမ်းဆိုတာ သာသနာပမှာ မရှိဘူး။ ဘုရားပွင့်တဲ့ သာသနာတော်အတွင်းမှာသာ သက္ကာယဒိဋ္ဌိဖြုတ်ဖို့ နည်းလမ်းကို နာနိုင်၊ ရှုနိုင်သိနိုင်တာ။ ဘုန်းကြီးတို့ ယောဂီတွေလည်း သာသနာနဲ့ တွေ့နေကြုံနေတုန်းအခါမှာ သက္ကာယဒိဋ္ဌိ မကွာ မပြုတ်ဘဲနဲ့ အသေက ဦးသွားရင် မရှုံးဘူးလား။ ရှုံးသလား။”

“ရှုံးပါတယ်ဘုရား”

“ရသေ့ကြီးတွေ ဘယ်ရောက်သွားသလဲဆိုတော့ အရူပဘုံမှာ ဗြဟ္မာကြီးတွေ ဖြစ်နေတယ်။ အရူပဘုံဆိုတာက နာမ်



သာရှိပြီး ရုပ်မရှိတဲ့ဘုံ။ ရုပ်ပြစ်ရှစ်ပါးထဲမှာ ပါတယ်။ ဘုရားရှင် တရားဟောလို့ မရတော့ဘူး။ အရှုံးကြီး ရှုံးပြီး မနစ်နာဘူးလား။”

“နစ်နာပါတယ်ဘုရား”

“ဘာပြုလို့ အရှုံးကြီး ရှုံးတာလည်းဆိုတော့ သက္ကာယဒိဋ္ဌိ မပြုတ်ဘဲနဲ့ သေသွားလို့။ ဘုန်းကြီးတို့ ယောဂီတွေလည်း သာသနာနဲ့ တွေ့တဲ့အခါ ဝိမုတ္တိယုဂခေတ်ကြီးနဲ့ ကြုံနေတဲ့အခါမှာ သက္ကာယဒိဋ္ဌိ မပြုတ်ဘဲနဲ့ အသေက ဦးသွားရင် မရှုံးဘူးလား။ ရှုံးသလား။”

“ရှုံးပါတယ်ဘုရား”

“ဒါကြောင့် ဘုန်းကြီးတို့ ယောဂီတွေ မရှုံးရလေအောင် ဒါန၊ သီလ၊ သမထကုသိုလ်နဲ့ တင်းတိမ်နေလို့ ဖြစ်ပါ့မလား”

“မဖြစ်ပါဘုရား”

“ဒါန၊ သီလဆိုတာက- ‘ကံလမ်း’။ သမထဆိုတာက- ‘ဈာန်လမ်း’။ ဝိပဿနာဆိုတာက- ‘ဉာဏ်လမ်း’။ သက္ကာယဒိဋ္ဌိကို ဒါန၊ သီလကံအလုပ်နဲ့ ဖြုတ်လို့ မပြုတ်ဘူး။ သမထဆိုတဲ့ ဈာန်အလုပ်နဲ့လည်း ဖြုတ်လို့ မပြုတ်ဘူး။ ဝိပဿနာဆိုတဲ့ ဉာဏ်အလုပ်နဲ့ ဖြုတ်မှ သက္ကာယဒိဋ္ဌိ ပြုတ်တယ်။ သံသရာထွက်လမ်း အကျင့်စခန်းကို လိုက်နေတဲ့ မြတ်ယောဂီ.... ကံအလုပ်၊ ဈာန်အလုပ်တွေနဲ့ အချိန်ဖြုန်းမနေဘဲ ရုပ်နာမ်သဘာဝ ဖြစ်ပျက်မမြဲ

ကို ဒိဋ္ဌိမြင်သိဉာဏ်ဖြင့် ကြည့်တဲ့ ဝိပဿနာအလုပ်သည် သံသရာ ထွက်ကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွင်–

**မဂ်တံခါး အဖွင့်၊**

**အကျင့်တွင် အချုပ်၊**

**အလုပ်တွင် အသာ၊**

**ပါရမီတွင် အမြတ်ဆုံး**–မို့

ယုံမှားခြင်း၊ ကင်းစွာဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရလျှင် ငါမနေ၊ မသိလျှင် မပြီးဆိုတဲ့ ထက်သန်သော ဝီရိယ၊ သတိ၊ ပညာတို့ဖြင့် သံသရာထွက်လမ်း ဝိပဿနာအလုပ်စခန်းကို အားထုတ်နိုင်ကြပါစေလို့…ဘုန်းကြီးတို့ ဟောပြော တိုက်တွန်း ပါတယ်။

သံသရာကို ငြီးငွေ့၍ အမြတ်တရားကို ရှာနေတဲ့ ယောဂီတို့ ဝိပဿနာရှုတယ်ဆိုတာ ဘယ်အကျိုးငှာ ဘာကို ရှုတာလဲ။ ဒိဋ္ဌိပြုတ်ဖို့ရန် အလို့ငှာ သက္ကာယကို ရှုတာ။

သက္ကာယဆိုတာ ဘာလဲ။ '**သ**'က **သန္တော သံဝိဇ္ဇမာနော** – အထင်အရှားရှိသော၊ '**ကာယ**'က **ကာယောတိ သမူဟော**။ ကာယဆိုတာ ပေါင်းစုတာ။

ဘာတွေ ပေါင်းစုထားတာ။ အမှန်ထင်ရှားရှိတဲ့ ရုပ်နာမ်တို့ရဲ့ အပေါင်းအစုကို '**သက္ကာယ**' ခေါ်တယ်။ အမှန်ရှိ၊ အဟုတ်ရှိ၊ တကယ်ထင်ရှားရှိတာက ရုပ်နာမ်– သက္ကာယ။

ဒိဋ္ဌိဆိုတာက ငါ မရှိဘဲနဲ့ အရှိထင်တာ။ သူ မရှိဘဲနဲ့ ရှိတယ်လို့ ယူစွဲထားတဲ့ အယူမှားကို 'ဒိဋ္ဌိ'လို့ ခေါ်တယ်။ အမှန်ရှိတာက ရုပ်နာမ်သက္ကာယ။ မရှိတာက ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ။



ရှိတာကို ရှုရမှာလား။ မရှိတာကို ရှုရမှာလားဆိုတော့ ရှိတာကို ရှုရမှာ။ ရှိတာကို မြင်မှ မရှိတာ စင်တာ။ အမှန် ရှိတဲ့ သက္ကာယကို မြင်အောင် ရှုမှ ဒိဋ္ဌိပြုတ်သွားမှာ။ ဒိဋ္ဌိ ပြုတ်ဖို့ရန် အလို့ငှာ တခြား ရှုရမှာလား။ ရုပ်နာမ်သက္ကာယ ရှုမှာလား။"

"ရုပ်နာမ်သက္ကာယ ရှုရမှာပါဘုရား"

"ခန္ဓာကိုယ်တွင်း သမာဓိသွင်းပြီး ခန္ဓာအရှိ ဉာဏ်နဲ့ ကြည့်တော့ ပူတာ၊ အေးတာ၊ တောင့်တင်း၊ ထုံကျဉ်တာ၊ တလှုပ် လှုပ်၊ တမွမွ၊ တရိန်ရိန် သဘောတွေ မတွေ့ဘူးလား။"

"တွေ့ပါတယ်ဘုရား"

"ရှိလို့လား၊ မရှိလို့လား။"

"မရှိလို့ပါဘုရား"

"ပူသဘောသည် ငါလား၊ ရုပ်လား။"

"ရုပ်ပါဘုရား"

"ပူသဘော၊ အေးသဘောသည် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလား၊ ရုပ်လား။"

"ရုပ်ပါဘုရား"

၃၉



“ငါနဲ့ ပူသဘောနဲ့ ကွဲပြီလား။”

“ကွဲပါတယ်ဘုရား”

“သတ္တဝါနဲ့ ပူသဘော၊ ယောကျ်ား၊ မိန်းမနဲ့ ပူသဘော ကွဲပြီလား။”

“ကွဲပါတယ်ဘုရား”

“ပူသဘော၊ အေးသဘောကို သိတာ ငါက သိတာလား။ နာမ်က သိတာလား။”

“နာမ်က သိတာပါဘုရား”

“ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါက သိတာလား။ နာမ်က သိတာလား။”

“နာမ်က သိတာပါဘုရား”

“ဒါဖြင့် ခန္ဓာမှာ ပူသဘောက ရုပ်။ သိသဘောက နာမ်။ ပူသဘောက တစ်ခု။ သိသဘောက တစ်ခု။ ပူတဲ့ထဲမှာ ငါ မပါ။ သိတဲ့ထဲမှာ ငါမပါ။ ပူတာဟာ ငါမဟုတ်။ သိတာက ငါ မဟုတ်။ ပူသိနာမ်နဲ့ ရုပ်။

ပူသိနာမ်ရုပ် ပူတဲ့နေရာမှာ ချုပ်။ အေးသိ နာမ်ရုပ် အေးတဲ့ နေရာမှာ ချုပ်။ ထိုင်ဆဲရုပ်နာမ် ထိုင်ဆဲမှာ ချုပ်။ သွားဆဲရုပ်နာမ် သွားဆဲမှာ ချုပ်။ ပြောဆဲနာမ်ရုပ် ပြောဆဲမှာ ချုပ်။ ကြားဆဲ နာမ်ရုပ် ကြားဆဲမှာ ချုပ်။



ယခုလည်း တရားနာရင်းနဲ့ နာမ်ရုပ်သဘာဝ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ သူ့သဘော သူ ဆောင်နေတာ။ ကြားလိုက်၊ ပျောက်သွားလိုက်။ အသံရုပ်သဘောကလည်း ပျက်၊ ကြားသိစိတ် နာမ်သဘောကလည်း ပျက်။ ကြားဆဲရုပ်နာမ် ဖြစ်ပျက်။ ဒီ နေရာမှာ ကြား၊ ဒီနေရာမှာ ပျက်။ ဟိုနေရာမှာ ကြား၊ ဟိုနေရာမှာ ပျက်။ တစ်ဆံချည်မှ နေရာမရွေ့၊ မပြောင်းဘူး။ ဒီစက္ကန့်မှာ ဖြစ်။ ဒီစက္ကန့်မှာ ပျက်။ နောက်စက္ကန့် မလိုက်ဘူး။ ကြားဆဲ ရုပ်နာမ် ကြားဆဲမှာပဲ ချုပ်တယ်။

ဘုန်းကြီးတို့ ယောဂီတွေ အာရုံတစ်ပါး စိတ်မသွားဘဲ နာယူပါ။ ‘လူ’လို့ မဆိုခင် အသံကို ကြား၊ မကြား။”

“မကြားပါဘုရား”

“အသံ ရှိ၊ မရှိ။”

“မရှိပါဘုရား”

“ဘုန်းကြီးက ‘လူ’လို့ ဆိုလိုက်မှ အသံဖြစ်ပေါ်လာတာ။ ဖြစ်ပေါ်လာပြီး ကြာကြာမနေဘူး။ ချက်ချင်း ကြားပြီး ပျောက်။ အသံပေါ်လာတာက ဖြစ်လက္ခဏာ။ အသံက အနိစ္စ။ အနိစ္စ လက္ခဏာဆိုတာ အသံဖြစ်ပျက်ကို ပြောတာ။

ရုပ်နာမ်တွေ မှန်သမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ ရုပ်နာမ်ကို ခေါ်တာ။ လက္ခဏာဆိုတာ ဖြစ်ပျက်ကို ခေါ်တာ။ အနိစ္စလက္ခဏာဆိုတာ ရုပ်နာမ်ဖြစ်ပျက်

ကို ပြောတာ။ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဆိုတာလည်း ရုပ်နာမ်ဖြစ်ပျက်ကို ပြောတာ။

ဒါကြောင့် ကြားသိ ရုပ်နာမ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပေါ်ပြီး ပျောက်သွားတာက ဖြစ်ပျက်။

ပူသိ ရုပ်နာမ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပေါ်ပြီး ပျောက်သွားတာက ဖြစ်ပျက်။

လှုပ်သိ ရုပ်နာမ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပေါ်ပြီး ပျောက်သွားတာက ဖြစ်ပျက်။

ခန္ဓာကိုယ်တစ်ခုလုံး ရုပ်နာမ် ဖြစ်ပျက်ချည်းပဲ။ ခန္ဓာအရှိကို ဉာဏ်နဲ့ ကြည့်တော့ မသိဘူးလား။"

"သိပါတယ်ဘုရား"

"ဒါကြောင့် လောကမှာ မရှိတာထက်၊ မသိတာက ခက်တယ်။ ခက်တဲ့အထဲမှာ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်မှန်းမသိတာက အခက်ဆုံးပဲ။ ဘုန်းကြီးတို့ ယောဂီတွေ ကိုယ့်ကိုယ်ကို ဘာတွေ ဖြစ်နေပြီလဲ။ သိပြီလား။"

"ရုပ်နာမ်တွေ ဖြစ်ပါတယ်ဘုရား"

"ဘာတွေ ပျက်။"

"ရုပ်နာမ်တွေ ပျက်ပါတယ်ဘုရား"

"ရုပ်နာမ်တွေ ဖြစ်ပျက်နေတာ။ ဘုန်းကြီးက ဟောလို့ ပြောလို့ သိတာလား။ ခန္ဓာအရှိ ဉာဏ်နဲ့ ကြည့်လို့ သိတာလား"



"ဉာဏ်နဲ့ ကြည့်လို့ သိတာပါဘုရား"

"သူများက ပြောလို့ သိတာလား။ ဉာဏ်နဲ့ ကြည့်လို့ သိတာလား။"

"ဉာဏ်နဲ့ ကြည့်လို့ သိတာပါဘုရား"

"အမှန်သဘာဝက အခုဖြစ်၊ အခုပျက်၊ အမှန်ရှိ၊ အဟုတ်ရှိ၊ တကယ်ထင်ရှားစွာ ရှိနေတာက ရုပ်နာမ်ဖြစ်ပျက်။ ရှိတာကို မသိကြဘူး။ မရှိတာကို သိနေကြတယ်။ မရှိတာကို အရှိထင်နေလို့ ဘုန်းကြီးတို့ ယောဂီတွေ လောကထဲမှာ မယားနဲ့ပျော်၊ သမီးသားနဲ့ ပျော်၊ ရွှေငွေစိန်ကျောက် ထိန်ထိန်တောက်တဲ့ ပစ္စည်းဥစ္စာတွေနဲ့ သာယာပျော်ပိုက် နှစ်သက်နေကြတာ။

မရှိတာကို မရှိတာပါလားလို့လည်း သိရော လောကထဲမှာ မနေတော့ဘူး။ အရိယာ သူတော်ကောင်းများဟာ မရှိတာကို သိလို့ လောကမှ ထွက်သွားတော်မူကြတာ။ မရှိတာကို အရှိထင်တာက သက္ကာယဒိဋ္ဌိ၊ ဘုန်းကြီးတို့ ယောဂီတွေ သိနေတာ မရှိတာကို သိနေတာလား။ ရှိတာကို သိနေတာလား။"

"ရှိတာကို သိနေတာပါဘုရား"

## ရုပ်နာမ်ပေါ်ဉာဏ်ဝင် ဒိဋ္ဌိစင်

"မရှိတာကို အရှိထင်တာက 'သက္ကာယဒိဋ္ဌိ'၊

ဘုန်းကြီးတို့ ယောဂီတွေ သိနေတာ ငါက သိတာလား။ ဉာဏ်က သိတာလား။"

“ဉာဏ်က သိတာပါဘုရား”

“အမှန်ရှိတဲ့ ရုပ်နာမ်ပေါ် ဉာဏ်ဝင်တော့ ဒိဋ္ဌိစင်တယ်။ ရုပ်နာမ်ပေါ် ဉာဏ်ရောက်တော့ ဒိဋ္ဌိပျောက်တယ်။ အမှန်ရှိတာကို ဉာဏ်နဲ့ မြင်တော့ မရှိတာ စင်တယ်။ အမှန်ရှိတာက ရုပ်နာမ် ပရမတ္ထသဘာဝ။ အမှန်မရှိတာက ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ။ အမှန်ရှိတာကို မြင်သိတာက **သမ္မာ ဒိဋ္ဌိ**။ အမှန်မရှိတာကို မြင်သိတာက **မိစ္ဆာဒိဋ္ဌိ**-အမှားမြင်။ အမှန် သိ အမှန်ရှိတဲ့ ရုပ်နာမ် ပရမတ္ထသဘာဝကို သိတာနဲ့ မိစ္ဆာဒိဋ္ဌိ မပယ်ဘူးလား။”

“ပယ်ပါတယ်ဘုရား”

“မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ‘**နာမရူပံ ဘိက္ခဝေ ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ**’လို့ ဟောတော်မူပါတယ်။ **ဘိက္ခဝေ**- ရဟန်းတော်များ အိုချစ်သားတို့၊ **နာမရူပံ**- နာမ်တရားနဲ့ ရုပ်တရားကို၊ **ဇာနတော**- သိသောသူအား၊ **ပဿတော**- မြင်သောသူအား၊ **မိစ္ဆာဒိဋ္ဌိ**- မှားသောအမြင်ကို၊ **ပဟီယတိ**- ပယ်၏။ မိစ္ဆာဒိဋ္ဌိကို မပယ်ဘူးလား”

“ပယ်ပါတယ်ဘုရား”

“ဘာကို မြင်လို့ ပယ်တာလဲဆိုတော့ ပရမတ်ရုပ်နာမ် ဖြစ်ပျက်ဓမ္မကို အမှန် မြင်သိနေလို့ ပယ်တာ။ အမှန်မြင်ရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား။”



“သမ္မာဒိဋ္ဌိပါဘုရား”

“သမ္မာဒိဋ္ဌိဆိုတာ နိဗ္ဗာန်ကိုသွားတဲ့ လမ်းလား။ အပါယ်ကို သွားတဲ့လမ်းလား။”

“နိဗ္ဗာန်ကိုသွားတဲ့ လမ်းပါဘုရား”

“သဠာယတနသံယုတ် ပါဠိတော်မှာ ဘုရားရှင်က-

**နိဗ္ဗာနနိန္နာ ဘိက္ခဝေ၊ သမ္မာဒိဋ္ဌိ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန ပဗ္ဘာရာတိ**”လို့ ဟောတော်မူပါတယ်။

**ဘိက္ခဝေ**- ရဟန်းတော်များ အိုချစ်သားတို့၊ **သမ္မာဒိဋ္ဌိ**- အမှန်တရားကို ရှုမှတ်နေတဲ့ သမ္မာဒိဋ္ဌိဉာဏ်အမြင်သည်၊ **နိဗ္ဗာန နိန္နာ**- နိဗ္ဗာန်သို့ ညွှတ်ခြင်းသဘောရှိ၏။ **နိဗ္ဗာနပေါဏာ**- နိဗ္ဗာန်သို့ ကိုင်းခြင်းသဘောရှိ၏။ **နိဗ္ဗာနပဗ္ဘာရာ**- နိဗ္ဗာန်သို့ ရှိုင်းခြင်း သဘောရှိ၏။ အမှန်တရားကို ရှုမှတ်သိနေတဲ့ သမ္မာဒိဋ္ဌိအမြင် ဉာဏ်သည် နိဗ္ဗာန်ကို ညွှတ်နေ၊ ကိုင်းနေ၊ ရှိုင်းနေတယ်၊ အမှန် တရားဆိုတာ တခြားလား။ ရုပ်နာမ် ဖြစ်ပျက်တရားလား။”

“ရုပ်နာမ်ဖြစ်ပျက်ပါဘုရား”

“ပရမတ် ရုပ်နာမ် ဖြစ်ပျက်ဓမ္မကို အမှန်မြင်သိနေတာ နိဗ္ဗာန်ကို မရောက်နိုင်ဘူးလား။”

“ရောက်နိုင်ပါတယ်ဘုရား”

“အားလုံး လိုက်ဆိုကြပါ။

**– ရုပ်နာမ်ထဲမှာ ငါဆိုတာ၊ ဘယ်ခါမရှိပါ။**

**– ငါမရှိမှု၊ ဉာဏ်ဖြင့်ရှု၊ ယခုဒိဋ္ဌိကွာ။**

**– ဒိဋ္ဌိကင်းပျောက်၊ ပါယ်မရောက်၊ မျက်မှောက်နိဗ္ဗာန်သာ။**

**– နိဗ္ဗာန်လိုလား၊ ယောဂီများ၊ ရှုမှတ်ပွားကြပါ။**

“ခန္ဓာမှာ ရုပ်နာမ်ဖြစ်ပျက်တွေ မြင်ရင် ဖြစ်ပျက်တွေ မုန်း၊ ဖြစ်ပျက်တွေ ဆုံးပြီးတော့ နိဗ္ဗာန်ဝင်တော့မယ်။ ဒါကြောင့် ဒီကနေ့ ဝိပဿနာ ရှုနေ၊ မှတ်နေတဲ့အခါမှာ အနိစ္စဆိုတာက ရုပ်နာမ်၊ ဒုက္ခဆိုတာက ရုပ်နာမ်၊ အနတ္တဆိုတာက ရုပ်နာမ်။ ဖြစ်ပျက်ဆိုတာက လက္ခဏာ၊ ကွဲမသွားဘူးလား။”

“ကွဲသွားပါတယ်ဘုရား”

“ငါနဲ့ ကွဲတာလား။ ဉာဏ်နဲ့ ကွဲတာလား။”

“ဉာဏ်နဲ့ ကွဲတာပါဘုရား။”

“စာအုပ်ထဲကြည့်ပြီး ကွဲတာလား။ ခန္ဓာကြည့်ပြီး ကွဲတာလား။”

“ခန္ဓာကြည့်ပြီး ကွဲတာပါဘုရား”

“လူက ခွဲပေးတာလား။ ဉာဏ်က ခွဲပေးတာလား။”

“ဉာဏ်က ခွဲပေးတာပါဘုရား”

“ဉာဏ်က ခွဲလိုက်တော့ ရုပ်နာမ်ကတခြား၊ ဖြစ်ပျက်က တခြား၊ လက္ခဏာနဲ့ လက္ခဏာဝန္တ မကွဲသမျှ မဂ်ဖောမကျ။ ဝိပဿနာရှုကွက် မှားနေရင် ဘုန်းကြီးတို့ ယောဂီတွေ သေအောင်



တရားအားထုတ် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးလား။ ရှင်းရဲ့လား။”

“ရှင်းပါတယ်ဘုရား”

“ဘုန်းကြီးတို့ ယောဂီတွေ အားလုံး လိုက်ဆိုကြပါ။

* **အနိစ္စဆိုတာက၊ ရုပ်နာမ်နှစ်ဖြာ။**
**လက္ခဏာဆိုတာက၊ ဖြစ်ပျက်ပါ။**
**အနိစ္စလက္ခဏာ၊ ရုပ်နာမ်ဖြစ်ပျက်ပါ။**

* **ဒုက္ခဆိုတာက၊ ရုပ်နာမ်နှစ်ဖြာ။**
**လက္ခဏာဆိုတာက၊ ဖြစ်ပျက်ပါ။**
**ဒုက္ခလက္ခဏာ၊ ရုပ်နာမ်ဖြစ်ပျက်ပါ။**

* **အနတ္တဆိုတာက၊ ရုပ်နာမ်နှစ်ဖြာ။**
**လက္ခဏာဆိုတာက၊ ဖြစ်ပျက်ပါ။**
**အနတ္တလက္ခဏာ၊ ရုပ်နာမ်ဖြစ်ပျက်ပါ။**

### ပရမတ်အာရုံပြုရင် ကိလေသာတွေငြိမ်း

“ဖြစ်ပျက်ဆိုတာ ရှုဉာဏ်တရား မဟုတ်ဘူး။ ဖြစ်ပျက်ဆိုတဲ့တရားက ဉာဏ်ပေါ်တရား။ အရှုခံက ရုပ်နာမ်၊ ရှုတာက ဉာဏ်၊ ပေါ်တာက ဖြစ်ပျက်။ ပရမတ်ရုပ်နာမ် ဖြစ်ပျက်သဘောကို ဉာဏ်နဲ့ အမှန်မြင်သိနေတော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ မငြိမ်းဘူးလား။”

“ငြိမ်းပါတယ်ဘုရား”

“ဘုန်းကြီးက ပြောလို့ ဟောလို့ ငြိမ်းတာလား။ ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်နဲ့ သိလို့ ငြိမ်းတာလား။”

“ဉာဏ်နဲ့သိလို့ ငြိမ်းတာပါဘုရား”

“ခန္ဓာအရှိဉာဏ်နဲ့ ကြည့်တော့ ရုပ်နာမ်ဖြစ်ပျက်သဘောက နှစ်သက်စရာ ဟုတ်ရဲ့လား။”

“မဟုတ်ပါဘုရား”

“စုံမက် တာတွယ်ဖွယ် ဟုတ်ရဲ့လား။”

“မဟုတ်ပါဘုရား”

“မဟုတ်တော့ လောဘငြိမ်းမနေဘူးလား။”

“ငြိမ်းနေပါတယ်ဘုရား”

“ရုပ်နာမ်ဖြစ်ပျက်သဘောက စိတ်ညစ်စရာ၊ စိတ်ဆိုးစရာ၊ အာရုံဟုတ်ရဲ့လား။”

“မဟုတ်ပါဘုရား”

“မဟုတ်တော့ ဒေါသ မငြိမ်းဘူးလား။”

“ငြိမ်းပါတယ်ဘုရား”

“လောဘ၊ ဒေါသ ငြိမ်းနေတယ်။ အမှန်ကို သိလို့လား။ အမှားကို သိလို့လား။”

“အမှန်ကို သိလို့ပါဘုရား။”

“အမှန်မြင်တာလား။ အမှားမြင်တာလား။”

“အမှန်မြင်တာပါဘုရား”



“အမှန်မြင်ရင် သမ္မာဒိဋ္ဌိလား။ မိစ္ဆာဒိဋ္ဌိလား။”

“သမ္မာဒိဋ္ဌိပါဘုရား”

“သမ္မာဒိဋ္ဌိဆိုတော့ မောဟမရှိတော့ဘူး။ အသိ,အလိမ္မာ, ဉာဏ်, ပညာ, ဝိဇ္ဇာ, အမောဟ။ အသိ, အလိမ္မာလို့လည်း ဆိုတယ်။ ဉာဏ်လို့လည်း ဆိုတယ်၊ မဆိုဘူးလား။ ပညာလို့လည်း ခေါ်တယ်။”

“ဆိုပါတယ်ဘုရား”

“ပညာလို့လည်း ခေါ်တယ်။ ဝိဇ္ဇာလို့လည်း ခေါ်တယ်။ မခေါ်ဘူးလား။”

“ခေါ်ပါတယ်ဘုရား”

“အသိ, အလိမ္မာ, ဉာဏ်, ပညာ, ဝိဇ္ဇာ, အမောဟလို့ လယ်တီဆရာတော်ကြီးက ဆိုထားတာ။ အမှန်သိနေရင် မောဟဖြစ်ခွင့်ရှိသေးလား။”

“မရှိပါဘုရား”

“မရှိရင် မောဟ မငြိမ်းဘူးလား။”

“ငြိမ်းပါတယ်ဘုရား”

ပရမတ် ရုပ်နာမ်ဖြစ်ပျက်သဘောကို အမှန်မြင်သိနေတော့ လောဘငြိမ်းနေတယ်။ ဒေါသငြိမ်းနေတယ်။ မောဟငြိမ်းနေတယ်။ ပရမတ် ရုပ်နာမ်ဖြစ်ပျက်သဘောကို မသိဘဲနဲ့ ပုဂ္ဂိုလ်, သတ္တဝါ, ယောက်ျား, မိန်းမ, သားသမီး, ပစ္စည်း, ဥစ္စာကို သိနေရင် လောဘ၊ ဒေါသ၊ မောဟ ငြိမ်းပါ့မလား။

“မငြိမ်းပါဘုရား”

“မရှိတဲ့ပညတ်ကို သွားသိရင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်တယ်။ လောဘ၊ ဒေါသ၊ မောဟဖြစ်ပြီး သေရင် သက်သာပါ့မလား။”

“မသက်သာပါဘုရား”

“လောဘစိတ်နဲ့သေရင် ပြိတ္တာ၊ ဒေါသစိတ်နဲ့သေရင် ငရဲ၊ မောဟစိတ်နဲ့သေရင် တိရစ္ဆာန်၊ မရှိတဲ့ပညတ်ကို သိနေရင် လောဘ၊ ဒေါသ၊ မောဟဖြစ်တယ်။ အမှန်ရှိတဲ့ ရုပ်နာမ် ဖြစ်ပျက် ပရမတ်သဘော ဉာဏ်နဲ့ သိနေတော့ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းတယ်။ မငြိမ်းဘူးလား။”

“ငြိမ်းပါတယ်ဘုရား”

“ဝိပဿနာတရား အားထုတ်တယ်ဆိုတာ လောဘငြိမ်းအောင်လုပ်တဲ့လုပ်ငန်း၊ ဒေါသငြိမ်းအောင် လုပ်တဲ့လုပ်ငန်း၊ မောဟငြိမ်းအောင်လုပ်တဲ့လုပ်ငန်း၊ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းအောင် အားထုတ်တဲ့အလုပ်ဟာ ဝိပဿနာ။ လောဘ၊ ဒေါသ၊ မောဟဆိုတာ ကုသိုလ်လား။ အကုသိုလ်လား။”

“အကုသိုလ်ပါဘုရား”

“အကုသိုလ်ငြိမ်းအောင် လုပ်တာ။ မငြိမ်းဘူးလား၊ ငြိမ်းသလား။”

“ငြိမ်းပါတယ်ဘုရား”



“ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမက ငြိမ်းပေးတာလား။ ဉာဏ်က ငြိမ်းပေးတာလား။”

“ဉာဏ်က ငြိမ်းပေးတာပါဘုရား”

“အပါယ်လေးပါးကို ကျရောက်စေတတ်တဲ့ အကုသိုလ် ငြိမ်းမသွားဘူးလား။”

“ငြိမ်းပါတယ်ဘုရား”

“အပါယ်မီး ငြိမ်းပေးတာ သားသမီးက ငြိမ်းပေးတာလား။ ဝိပဿနာဉာဏ်က ငြိမ်းပေးတာလား။”

“ဝိပဿနာဉာဏ်က ငြိမ်းပေးတာပါဘုရား”

“ရွှေငွေပေးလို့ ငြိမ်းပါ့မလား။”

“မငြိမ်းပါဘုရား”

“အပါယ်မီး ငြိမ်းချင်ရင် တခြားအလုပ် အားထုတ်ရမှာလား။ ဝိပဿနာအလုပ် အားထုတ်ရမှာလား။”

“ဝိပဿနာအလုပ် အားထုတ်ရမှာပါဘုရား”

**အစဉ်ထာဝရ ငြိမ်းတာက အရိယာမဂ်ဉာဏ်**
**တဒင်္ဂငြိမ်းတာက ဝိပဿနာဉာဏ်**

“ဝိပဿနာအလုပ်မှ အားမထုတ်ရင် ရုပ်နာမ်မြင်ပါ့မလား”

“မမြင်ပါဘုရား”

“ပရမတ် ရုပ်နာမ်ဖြစ်ပျက်သဘောမှ ဉာဏ်နဲ့ မမြင် မသိဘဲနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှုတ်က တတွတ်တွတ် အော်ရွတ်

နေပေမယ့် သညာသိအနိစ္စ၊ သညာသိဒုက္ခ၊ သညာသိအနတ္တပဲ ရှိသေးတယ်။ သူသိ၊ ငါသိ၊ ဓမ္မတာ အစဉ်အလာသိပဲ။ ပန်းကန်ကွဲတာ၊ အိုးကွဲတာသိတဲ့ အနိစ္စ၊ လူသေတာသိတဲ့ အနိစ္စက သမုတိအနိစ္စ၊ ပညတ်အနိစ္စ။ ဘုန်းကြီးတို့ ယောဂီတွေ မသိဘူးလား။"

"သိပါတယ်ဘုရား"

"သိတဲ့အတိုင်း အနိစ္စ၊ အနိစ္စလို့ နှုတ်က ရွတ်မနေဘူးလား"

"ရွတ်နေပါတယ်ဘုရား"

"နှုတ်က အနိစ္စ၊ အနိစ္စလို့ အော်ရွတ်နေပေမယ့် စိတ်ကတော့ နိစ္စ-မြဲတယ်လို့ ထင်နေကြတာ။ နှုတ်က ဒုက္ခ၊ ဒုက္ခလို့ ညည်းနေပေမယ့် စိတ်ကတော့ သုခ ချမ်းသာတယ်လို့ ထင်နေကြတာ။ ပါးစပ်က အနတ္တ၊ အနတ္တရယ်လို့ ဆိုပေမယ့် စိတ်ကတော့ အတ္တ- ငါ့ကိုယ်လို့ ထင်နေကြတာပဲ။ ဘုန်းကြီးတို့ ယောဂီတွေ မထင်ကြဘူးလား။"

"ထင်ကြပါတယ်ဘုရား"

"အနိစ္စကို နိစ္စ ထင်နေတာ။ ဒုက္ခကို သုခ ထင်နေတာ။ အနတ္တကို အတ္တ ထင်နေကြလို့ နိဗ္ဗာန်ကို မရနိုင်တာ။

ဒါကြောင့် ရှေးပညာရှိတို့က နိဗ္ဗိန္ဒကဗျာတစ်ပုဒ် စပ်ဆိုခဲ့တယ်။



*** အနိစ္စ, အနိစ္စရယ်နှင့်၊**
**ဘိဇ္ဇနကိုဖြင့် တစ်ဆိတ်ကမ မမြင်လို။**

*** ဒုက္ခ၊ ဒုက္ခရယ်နှင့်**
**နှုတ်ကသာဆိုလို့ ညည်းမိတော့၊**
**လူ့စည်းစိမ် ရတနာ ရွှေငွေနှင့်၊**
**ဘမရာဘွေ ဒါတွေတွေးတော့**
**အေးတော့မလို။**

*** အနတ္တ, အနတ္တရယ်နှင့်၊**
**ပါးစပ်ကဆိုသာ ဆို၊**
**ငါ့ကိုယ်နှင့် ငါပါကလား။**

*** ထင်ချက်ကယ်ကွာ၊**
**ယာဉ်စက်စုံ ဒေသနာနှင့်၊**
**တင်လက္ခဏာ ဘယ်ပုံသုံးရမယ်၊**
**ဝဋ်နောင်ကို လွတ်အောင်ရုန်းနိုင်ပါ့မလားကွယ်..**
**မြှုံးမိတဲ့ငါး။**

"ဒီကနေ့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဝိပဿနာ ရှုနေ မှတ်နေကြတဲ့အခါကျတော့ ခန္ဓာကိုယ်တွင်း သမာဓိသွင်း ရှုလိုက်တဲ့အခါ ခန္ဓာက တခြားပေါ်တာလား။ ရုပ်နာမ်ပေါ်တာလား။"

"ရုပ်နာမ်ပေါ်တာပါဘုရား"

"ရုပ်နာမ်ကို ဉာဏ်နဲ့ ရှုလိုက်တော့ တခြားပေါ်တာလား။ ဖြစ်ပျက်ပေါ်တာလား။"

"ဖြစ်ပျက်ပေါ်တာပါဘုရား"

"ဒီကနေ့ ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်၊ ဘာမြင်တဲ့ ဉာဏ်ပါလိမ့်။"

"ဖြစ်ပျက်ကို မြင်တဲ့ ဉာဏ်ပါဘုရား"

"ရုပ်နာမ်ဖြစ်ပျက်ကို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာလို့ ဘုရားရှင်ကိုယ်တော်မြတ် မဟောဘူးလား"

"ဟောပါတယ်ဘုရား"

"ဝိပဿနာတရား အခိဋ္ဌာန်စခန်းအတွင်းမှာ မပြတ် ရှုနေမှတ်နေတဲ့ ယောဂီတို့မှာ သတိ၊ သမာဓိ အားကောင်းလာတဲ့အခါ ရှုသိစရာ ရုပ်နဲ့ ရှုသိတဲ့စိတ်-နာမ်ကို ခွဲခြားပြီး သိလာတယ်။ ရှုသိရတဲ့ အာရုံရော၊ ရှုသိတဲ့စိတ် နာမ်ရော ရှုသိ ရှုသိနေရင်းနဲ့ ပျောက်ပျောက်သွားတာကို တွေ့ရတယ်။ ခဏမစဲ ပျက်ပျက်သွားတဲ့ သဘောတရားမျှသာ ရှိတယ်ဆိုတာ ဉာဏ်နဲ့ အမှန်ထင်ရှားစွာ မြင်သိလာတယ်။ ရှုမှတ်ဆဲမှာ ပေါ်လာပြီးနောက် ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက **အနိစ္စာနုပဿနာဉာဏ်**။

ရှုမှတ်ဆဲမှာ မပြတ် ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိမြင်တာက **ဒုက္ခာနုပဿနာဉာဏ်**၊ ရှုမှတ်ဆဲမှာ အလို



အတိုင်း မဖြစ်တာကို တွေ့ရ၍ အစိုးမရ ငါကောင် မဟုတ်ဟု သိမြင်တာက **အနတ္တာနုပဿနာဉာဏ်**။

အမှန်တကယ် ထင်ရှားရှိတဲ့ ပရမတ်ရုပ်နာမ် ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဉာဏ်နဲ့ မြင်သိနေတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟ ကိလေသာအကုသိုလ်တရားတွေ ဖြစ်ခွင့်ရသေးလား။"

"မရပါဘုရား"

"ဖြစ်ခွင့်မရရင် ငြိမ်းမနေဘူးလား။"

"ငြိမ်းနေပါတယ်ဘုရား"

"အရိယာမဂ်ဖြင့် အစဉ်ထာဝရငြိမ်းတာ မဟုတ်ဘူး။ ဝိပဿနာဉာဏ်နဲ့ ငြိမ်းတာ။ ရှုမိတဲ့ တစ်အာရုံ တစ်အာရုံမှာသာ ငြိမ်းတယ်။ မရှုမိတဲ့အာရုံတွေမှာတော့ မငြိမ်းဘူး။ အစဉ်ထာဝရ ငြိမ်းတာလည်း မဟုတ်ဘူး။ ရှုနေဆဲမှာသာ ငြိမ်းတာ၊ အစဉ်ထာဝရ ငြိမ်းတာက 'အရိယာမဂ်ဉာဏ်'။ တဒင်္ဂငြိမ်းတာက ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ်နဲ့ ငြိမ်းတာကို 'တဒင်္ဂနိဗ္ဗုတိ'။ တဒင်္ဂအားဖြင့် ငြိမ်းတာ။ ရှုမိတဲ့အာရုံနဲ့ သက်ဆိုင်တဲ့ ကိလေသာ တဒင်္ဂငြိမ်းတယ်။

ပရမတ်ရုပ်နာမ် ဖြစ်ပျက်သဘောကို ဉာဏ်နဲ့ အမှန်ရှုသိနေရင် နှစ်သက်သာယာမှု၊ လိုချင်တောင့်တမှု လောဘ မဖြစ်ဘဲ ငြိမ်းနေတယ်။ စိတ်ညစ် စိတ်ဆိုး စိတ်ပျက်မှု ဒေါသ မဖြစ်ဘဲ

ငြိမ်းနေတယ်။ အမှန်တရားကို ဉာဏ်နဲ့ ရှုသိနေတဲ့အတွက် မသိမှု မောဟလည်း ငြိမ်းနေတယ်။ ရှုမိတဲ့အာရုံတိုင်းမှာ လောဘ၊ ဒေါသ၊ မောဟ ကိလေသာအကုသိုလ်တရားတွေ ချုပ်ငြိမ်းသွားတာကို 'တဒင်္ဂနိရောဓ'၊ 'တဒင်္ဂနိဗ္ဗုတိ' လို့ ခေါ်တယ်။ တဒင်္ဂနိဗ္ဗုတိဆိုတာ 'တဒင်္ဂအားဖြင့် ငြိမ်းခြင်း' လို့ ခေါ်ပါတယ်။"

## လက္ခဏာမြင် နိဗ္ဗာန်ဝင်

"အနိစ္စလို့ ရှုနေဆဲမှာ လောဘနိမိတ် လာသေးလား။"

"မလာပါဘုရား"

"ဒေါသနိမိတ်ကော။"

"မလာပါဘုရား"

"မောဟနိမိတ်ကော။"

"မလာပါဘုရား"

"လောဘနိမိတ်၊ ဒေါသနိမိတ်၊ မောဟနိမိတ် ဖြစ်ကြောင်းတွေ ကင်းမနေဘူးလား။"

"ကင်းနေပါတယ်ဘုရား"

"ငြိမ်းမနေဘူးလား။"

"ငြိမ်းနေပါတယ်ဘုရား"

"ကင်းနေ ငြိမ်းနေခြင်းကြောင့် အနိစ္စလက္ခဏာကို ရှုရင် ဘာနိဗ္ဗာန်လဲလို့ဆိုတော့ **အနိမိတ္တနိဗ္ဗာန်**။ ဘာနိဗ္ဗာန်လဲ။"

"အနိမိတ္တနိဗ္ဗာန်ပါဘုရား"



"ဘုန်းကြီးတို့ ယောဂီတွေ ခန္ဓာအရှိဉာဏ်နဲ့ ရှုသိနေတော့ ရှုတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား။ ရုပ်နာမ် ရှိတာလား။"

"ရုပ်နာမ်ရှိတာပါဘုရား"

"ဘာလို့ ရှိ။"

"ဖြစ်ဖြစ်နေလို့ပါဘုရား"

"ဘယ်တုန်းက ဖြစ်။"

"ခုမှ ဖြစ်တာပါဘုရား"

"ဖြစ်ရင် ဆင်းရဲတာလား။ ချမ်းသာတာလား။"

"ဆင်းရဲပါတယ်ဘုရား"

"သုခလား၊ ဒုက္ခလား။"

"ဒုက္ခပါဘုရား"

"ရှိုက်တဲ့အခါလည်း ရုပ်နာမ်ဖြစ်လို့ ဆင်းရဲတယ်။ ရှုတဲ့အခါမှာလည်း ရုပ်နာမ်ဖြစ်လို့ ဆင်းရဲတယ်။ လူ, ပုဂ္ဂိုလ်, သတ္တဝါ ဖြစ်လို့ ဆင်းရဲတာလား။ ရုပ်နာမ်ဖြစ်လို့ ဆင်းရဲတာလား။"

"ရုပ်နာမ်ဖြစ်လို့ ဆင်းရဲတာပါဘုရား"

"ဆင်းရဲကို ဆင်းရဲမှန်း ဉာဏ်နဲ့ အမှန်ရှုသိနေရင် ရုပ်နာမ် ဖြစ်ချင်သေးရဲ့လား။"

"ရုပ်နာမ် မဖြစ်ချင်ပါဘုရား"

"နောက်ထပ်ရချင်တယ်လို့ တောင့်တသေးရဲ့လား။"

“မတောင့်တပါဘုရား”

“တောင့်တတယ်ဆိုတာ လူက တောင့်တတာလား။ ကိလေသာက တောင့်တတာလား။”

“ကိလေသာက တောင့်တတာပါဘုရား”

“ဒုက္ခဆင်းရဲကို ဉာဏ်နဲ့ အမှန် ရှုသိနေရင် ကိလေသာ ပူပန်မှုတွေ၊ တောင့်တမှုတွေ လာပါဦးမလား။”

“မလာပါဘုရား”

“ကိလေသာ ပူပန်မှုတွေ၊ တောင့်တမှုတွေ ရှိသေးရဲ့လား။”

“မရှိပါဘုရား”

“တောင့်တမှုတွေ မရှိတဲ့အတွက်ကြောင့် **အပ္ပဏိဟိတ နိဗ္ဗာန်**။ အပ္ပဏိဟိတဆိုတာ မတောင့်တတော့ဘူး။ ဘာကို မတောင့်တတာလဲဆိုတော့ ရုပ်နာမ်ကို မတောင့်တတော့ဘူး။ ဘာကို ရှုသိ နေလို့လဲ။”

“ဒုက္ခကို ရှုသိနေလို့ပါဘုရား”

“ဒုက္ခကို ရှုသိနေဆဲမှာ ဘာကို အာရုံပြုနေလဲဆိုတော့ အပ္ပဏိဟိတနိဗ္ဗာန်ကို အာရုံပြုနေတယ်။ ဘုန်းကြီးတို့ ယောဂီတွေ ရှုတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား။ ရုပ်နာမ်ရှိတာလား။”

“ရုပ်နာမ်ရှိတာပါဘုရား”

“ရှိတာ ဘာလို့ရှိ။”



“ဖြစ်ဖြစ်နေလို့ပါဘုရား”

“မဖြစ်နဲ့လို့ တား,ရရဲ့လား။”

“မရပါဘုရား”

“မပျက်နဲ့လို့ တား,ရရဲ့လား။”

“မရပါဘုရား”

“အတ္တလား၊ အနတ္တလား။”

“အနတ္တပါဘုရား”

“အနတ္တလို့ ရှုသိနေဆဲမှာ ငါဆိုတဲ့ ဒိဋ္ဌိကိလေသာတွေ လာသေးလား။”

“မလာပါဘုရား”

“ဒိဋ္ဌိကိလေသာတွေ မဆိတ်သုဉ်းဘူးလား။”

“ဆိတ်သုဉ်းပါတယ်ဘုရား”

“နှစ်သက် သာယာပါတယ်ဆိုတဲ့ လောဘ၊ စိတ်ညစ်၊ စိတ်ဆိုး၊ စိတ်ပျက်မှု၊ ဒေါသ၊ လာသေးလား။”

“မလာပါဘုရား။”

“အမှန်ကို ဉာဏ်နဲ့ မြင်သိနေတော့ မောဟကော ဖြစ်သေးလား။”

“မဖြစ်ပါဘုရား”

“လောဘ၊ ဒေါသ၊ မောဟ မဆိတ်သုဉ်းဘူးလား။”

“ဆိတ်သုဉ်းပါတယ်ဘုရား”

“အကုသိုလ်တွေ ဆိတ်သုဉ်းနေတယ်။ အကုသိုလ်တွေ သုည ဖြစ်နေတယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတာ ကုသိုလ်လား။ အကုသိုလ်လား။”

“အကုသိုလ်ပါဘုရား”

“လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာတွေ ဆိတ်သုဉ်းနေတဲ့အတွက်ကြောင့် **သုညတနိဗ္ဗာန်**။ ဘာလက္ခဏာကို ရှုတာလဲ။”

“အနတ္တလက္ခဏာကို ရှုတာပါဘုရား”

- အနိစ္စလက္ခဏာကို ရှုရင် ‘**အနိမိတ္တနိဗ္ဗာန်**’ကို အာရုံပြုတယ်။
- ဒုက္ခလက္ခဏာကို ရှုရင် ‘**အပ္ပဏိဟိတနိဗ္ဗာန်**’ကို အာရုံပြုတယ်။
- အနတ္တလက္ခဏာကို ရှုရင် ‘**သုညတနိဗ္ဗာန်**’ကို အာရုံပြုတယ်။

“ပရမတ်ရုပ်နာမ်ဖြစ်ပျက် ဓမ္မသဘာဝကို ဉာဏ်နဲ့ ရှုသိနေရင် ဖြစ်ပျက်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အာရုံပြုတယ်။ အားလုံး လိုက်ဆိုကြ။

* **ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်**
**ရုပ်နာမ်နှစ်ချက်၊ ဖြစ်ပျက်သိမြင်။**
**ဖြစ်ပျက်ဆင်းရဲ၊ ဉာဏ်ထဲပေါ်လွှင်**
**ဖြစ်ပျက်ချုပ်၊ အဟုတ်နိဗ္ဗာန်ဝင်။**

“အနိစ္စ မမြဲခြင်းသဘောကို ဉာဏ်နဲ့ အမှန်မြင်သိရင်



အနိစ္စလက္ခဏာနဲ့ နိဗ္ဗာန်ဝင်တယ်။

ဒုက္ခ ဆင်းရဲခြင်းသဘောကို ဉာဏ်နဲ့ အမှန်မြင်သိရင် ဒုက္ခလက္ခဏာနဲ့ နိဗ္ဗာန်ဝင်တယ်။

အနတ္တ ငါမဟုတ်၊ ကိုယ်မဟုတ်သောသဘောကို ဉာဏ်နဲ့ အမှန်မြင်သိရင် အနတ္တလက္ခဏာနဲ့ နိဗ္ဗာန်ဝင်တယ်။

အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်စီးပြီး ဖြစ်ပျက်တွေ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်၊ အိုနာသေဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကို ဘုန်းကြီးတို့ ယောဂီတွေ သွားကြရအောင်။ အားလုံး လိုက်ဆိုကြပါ။”

* **အနိစ္စယာဉ်စီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်ဝင်။**
* **ဒုက္ခယာဉ်စီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်ဝင်။**
* **အနတ္တယာဉ်စီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်ဝင်။**

“အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာ ယာဉ်စီးပြီး ဖြစ်ပျက်တွေ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်၊ အိုနာသေဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကို ဘုန်းကြီးတို့ ယောဂီတွေ သုံးပါးလက္ခဏာယာဉ်နဲ့ သွားတော့ မရောက်ဘူးလား။”

“ရောက်ပါတယ်ဘုရား”

“ဒီကနေ့ည ဘုန်းကြီးဟောတဲ့ တရားက ‘သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်တရားတော်’။ ဘုန်းကြီးတို့ ယောဂီတွေ ဘာတရားပါလိမ့်။”

“သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်တရားပါဘုရား”

“ဒီကနေ့ည သုံးပါးလက္ခဏာယာဉ် နိဗ္ဗာန်ဝင်ဆိုတဲ့ တရား ဒေသနာတော်မြတ်ကို ဘုန်းကြီးတို့ သဒ္ဓါ, မေတ္တာ ရှေ့ထား ဟောကြားရင်းဖြင့် တရားပွဲသိမ်းကြပါစို့။”

**သံသာရစာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။**
**နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။**

(ဇယမင်္ဂလာပါဠိ)

**သောဇိနော**- ငါးမာန်အောင်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **သံသာရစာရကံ**- အစမထင် အဆုံးလည်း မမြင်တဲ့ သံသရာခရီးကန္တာရကြီး၌၊ **ဒုက္ခေန**- များလှသောင်းသောင်း ဘေးဒုက္ခအပေါင်းသည်၊ **ပီဠိတံ**- အမြဲ မပြတ်နှိပ်စက်ခြင်းကို ခံနေရသော၊ **လောကံ**- လူနတ်များစွာ သတ္တဝါအပေါင်းကို၊ **ယာနတ္တယေန**- အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ် သုံးပါးအပေါင်းဖြင့်၊ **နိဗ္ဗာနပုရံ**- ရုပ်နာမ်တွေ ဇာတ်သိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်သို့၊ **နိဗ္ဗာနပုရံ**- ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်သို့၊ **ပါပေသိ**- ရောက်စေ ရစေတော်မူခဲ့လေပြီတကား။

(သာဓု..သာဓု..သာဓုပါဘုရား)

RQ